# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၂ ရက်၊ စနေနေ့။ | 3, Saturday September 2016 | (၈၆၇၃)


**မကောင်းမှုကို ရှောင်ကြဉ်**

အဖော်နည်းသော၊ များသောဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသောခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလောသေစေတတ်သောအဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။ ပါပဝဂ်(ဓမ္မပဒ-၁၂၃)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁)ရာစုပင်လုံကို ဝိုင်းဝန်းထောက်ပံ့ကူညီပါ

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ တို့တွေ့ဆုံ

## မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Pier Ferdinando Casini နှင့် ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ Mr. Pier Ferdinando Casini တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)




**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယနေ့ နံနက်ပိုင်းအစည်းအဝေးတွင် သဘာပတိ ဦးသုဝေ အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အားလုံးပါဝင်နိုင်ရေးမူအရ ရခိုင်၊ တအာင်း၊ ကိုးကန့် တို့ ပါဝင်လာစေရေး ဆန္ဒပြုလို

**ဦးထွန်းနိုင်(ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)**

# ၁၉၄၇ ပင်လုံကဲ့သို့ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်မှုကို ထပ်တူပြန်လည်ဖော်ဆောင်နိုင်မည်ဟု အလေးအနက်မျှော်လင့်

**စဝ်ခွန်ဆိုင်း (ရှမ်းပြည်တိုးတက်ရေးပါတီ - SSPP)**

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ ဆက်လက်ကျင်းပသည်။


**စာမျက်နှာ ၈ ကော်လံ ၁ သို့❖**





ကြေးမုံ

# လမ်းကြောင်းမှန်မှန်လျှောက်လှမ်းရင်း မျှော်မှန်းထားသည့် ပန်းတိုင်သို့မြန်း

နေပြည်တော်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ကျင်းပလျက်ရှိရာ ထိုညီလာခံကြီး၏ ဦးတည်ရည်မှန်းချက်မှာ ပြည်တွင်းငြိမ်းချမ်းရေးမှတက်လှမ်းပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးဖြစ်သည်။ ညီလာခံတွင် ရာနှင့်ချီသော တိုင်းရင်းသားကိုယ်စားလှယ်များပေါင်းစုတွေ့ဆုံပြီး နှစ် ၇၀ နီးပါးကြာမြင့်နေပြီဖြစ်သည့် ပြည်တွင်းစစ်မီးကို အပြီးတိုင်ငြိမ်းသတ်ရေးအတွက် ညှိနှိုင်းဆွေးနွေးအဖြေရှာနေကြသည်။

ယခုညီလာခံသို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ပြီး တစ်နိုင်ငံလုံးအဆင့် ငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရန် အရေးပါဆုံးခြေလှမ်းသစ်ကို စတင်နိုင်လိမ့်မည်ဟု ပြည်တွင်း၌သာမက နိုင်ငံတကာကပါ ယုံကြည်နေကြသည်။ ထိုကဲ့သို့ ယုံကြည်သည့်အတိုင်းပင် တက်ရောက်လာကြသော ကိုယ်စားလှယ်များက စိတ်အားထက်သန်စွာဖြင့် မိမိတို့ကိုယ်စားပြုတိုင်းရင်းသားအဖွဲ့အစည်းများ၏ သဘောထားအမြင်များကို တင်ပြကြသည်။

မိမိတို့မျှော်မှန်းကြသည့် ခရီးပန်းတိုင်သို့ တူရှုတက်လှမ်းကြရာတွင် အန္တိမမျှော်လင့်ချက်ပန်းတိုင်မှာ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်ဖြစ်သည်။ ထိုပန်းတိုင်ကြီးသို့ အရောက်သွားကြရာတွင် ငြိမ်းချမ်းရေးခရီးလမ်းကို အဆင့်ဆင့်ဖြတ်သန်းကြရမည်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပန်းတိုင်သို့ ရောက်ရှိရေးအတွက် ပထမဆုံးခရီးအစတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် NCA ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးပင်ဖြစ်သည်။

အမျိုးသားရင်ကြားစေ့ရေးမှုကိုအခြေခံသည့် အရပ်သားအစိုးရသည် နိုင်ငံ့တာဝန်စတင်ယူသည့်အချိန်မှစ၍ ယခုညီလာခံကြီးကျင်းပနိုင်ရေးအတွက် ဦးစားပေးဆောင်ရွက်ခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့နှင့် NCA သဘောတူလက်မှတ်ရေးထိုးနိုင်မှုကို ယခင်အစိုးရက ပြုလုပ်နိုင်ခဲ့သလို ကျန်ရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ယခုအစိုးရက ဆက်လက်ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

ယခုဆွေးနွေးပွဲများမှာ ယခင်ဆွေးနွေးပွဲများနှင့်မတူ တိုင်းရင်းသားများနှင့် အလွှာစုံအဖွဲ့အစည်းများ လူစုံတက်စုံရှိပြီး နိုင်ငံ့အရေးသာမက မိမိတို့တိုင်းရင်းသားများအရေးအတွက်လည်း အားကောင်းမောင်းသန်တင်ပြကြသည်။ မှန်ကန်ကောင်းမွန်ပြီး မွန်မြတ်သည့်ဆွေးနွေးပွဲကြီးဖြစ်လာရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ညွှန်းဆိုသကဲ့သို့ မိမိတို့အကျိုးထက် ပြည်သူလူထုအားလုံးအကျိုးကိုရှေးရှုသည့် မေတ္တာ၊ ကရုဏာ၊ မုဒိတာများ ထားကြရမည်ဖြစ်သည်။

ဆွေးနွေးပွဲကျင်းပခဲ့သည့်ရက်များတွင် မတူကွဲပြားသည့်အမြင်များဖြင့် မိမိတို့၏မျှော်မှန်းချက်များကို ဆွေးနွေးတင်ပြခဲ့ကြသည်ကို တွေ့ရသည်။ မည်မျှပင်မတူကွဲပြားမှုအမြင်များရှိစေကာမူ ဘုံရည်မှန်းချက်ကို မပျောက်စေဘဲ စိတ်ရှည်သည်းခံ လမ်းကြောင်းမှန်စွာဖြင့် ငြိမ်းချမ်းရေးခရီးလမ်းကို လျှောက်လှမ်းကြရမည်ဖြစ်သည်။ ထိုသို့လျှောက်လှမ်းရာတွင် သမိုင်းကြောင်းကို သင်ခန်းစာယူဖွယ်သာရှုမြင်ပြီး လမ်းကြောင်းမှန်ကို တူရှုရမည်ဖြစ်သည်။ အနာဟောင်းကိုဆွသကဲ့သို့ သမိုင်းဟောင်းကိုတူးဖော်ခြင်းမျိုးလည်း မဖြစ်သင့်ချေ။ အတိတ်သမိုင်းအတွက် တစိမ့်စိမ့်မြည်ကြွေးနေရုံဖြင့်လည်း လိုရာခရီးပန်းတိုင်သို့ ရောက်ရှိလိမ့်မည်မဟုတ်ချေ။

နိုင်ငံသားအားလုံးအကျိုးရှိမည့် ဘုံအကျိုးစီးပွားကိုရှေးရှုပြီး အားလုံးစုပေါင်း၍ သမိုင်းသစ်ကိုရေးထိုးကြရမည်ဖြစ်သည်။ ယခု ညီလာခံကြီးကျင်းပနေစဉ်ကာလအတွင်း ဆွေးနွေးချက်များကို ပြည်တွင်းပြည်ပက စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။ မဝံ့မရဲမျှော်လင့်နေကြသည်ကို သတိမူရမည်ဖြစ်သည်။ ထိုငြိမ်းချမ်းရေးမျှော်လင့်ချက်များကို ဆောင်ကြဉ်းပေးနိုင်၊ မပေးနိုင်မှာ ခေါင်းဆောင်များအားလုံးအပေါ်တွင် မူတည်သည်။ မိမိတို့၏အိပ်မက်များကို အကောင်အထည်ဖော်ခြင်းထက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ အိပ်မက်များကို အကောင်အထည်ဖော်ခြင်းဖြင့် မျှော်လင့်နေသောပန်းတိုင်သို့ ဧကန်ရောက်ရှိနိုင်မည်ဖြစ်သည်။ ။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သော စိုက်ပျိုးသီးနှံများနှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ကူညီရေး ညှိနှိုင်း

**နေပြည်တော် စက်တင်ဘာ ၂**

သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသည့် ဒေသများတွင် ရာသီအလိုက် သီးနှံစိုက်ပျိုးမှုပုံစံများ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စိုက်ပျိုးမြေများပြုပြင်ခြင်း၊ ထွန်ယက်ခြင်းလုပ်ငန်းများ၌ သက်သာသော နှုန်းထားများဖြစ်စေရေး စီစဉ်ဆောင်ရွက်ပေးနေသကဲ့သို့ မျိုးစပါးမျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးနိုင်ရေးနှင့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စိုက်ပျိုးထုတ်လုပ်မှုအဆင့်ဆင့်မှ ထွက်ရှိလာမည့် ထုတ်ကုန်များကို ခိုင်မာသည့် ဈေးကွက်ဖော်ဆောင်ပေးနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ထူထောင်ရေးမူဝါဒများချမှတ်ပြီး အရှိန်အဟုန်မြှင့်တင် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သဖြင့် ထိခိုက်ပျက်စီးခဲ့သော စိုက်ပျိုးသီးနှံများနှင့် ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာ ထောက်ပံ့ကူညီရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်က ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင်အလိုက် အသင်းအဖွဲ့များဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးစိုက်ကွင်းကြီးများ၊ ငါးမွေးကန်များ၊ လမ်း၊ တံတားများ ပျက်စီးခဲ့မှုအခြေအနေများကိုလည်းကောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လိုအပ်မည့် ကူညီထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များအား တင်ပြဆွေးနွေးသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဦးစီး/လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများအား ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းစဉ်တစ်ခုလုံး ကောင်းမွန်စွာ အောင်မြင်ပြီးမြောက်ရေးကို ပူးပေါင်းကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ငွေချိုးဖြူ ကူပါလော့

❖ ငွေချိုးဖြူ
ကူသံက ချိုအေး။
တူဖော်စုံ ပျော်ရွှင်မြူးတယ်
ကြည်နူးဖွယ်တေး။

❖ ငွေချိုးလေး သံသာသာ
ဝဲပျံကာ သီကြွေး။
ငွေချိုးဖြူ ကူသံလွှမ်းတယ်
ငြိမ်းချမ်းလို့အေး။

❖ ငြိမ်းချမ်းရေး တေးသံစဉ်
လွင်ပါဘိ ငြိမ့်ညောင်း။
ပန်းရောင်စုံ လေပြည်သွေးတော့
မွှေးပါဘိတောင်း။

❖ မွှေးတယ်လို့ မွှေးတယ်လေ၊
ရတနာရောင်စုံပန်းတို့
လန်းဖြာလို့ဝေ၊
ငွေချိုးလေး တေးသံခွေ
ဘေးရန်တွေ ကွာဝေး။
ရွှေဝတ်မှုံ ဝါဝါဝင်းရယ်နဲ့
သင်းပျံ့ပျံ့မွှေး။ ။

ရေနံ့သာမောင်ကျော်ညွန့်


# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**မော်လမြိုင် စက်တင်ဘာ ၂**

ကျိုက်မရောမြို့နယ် ကော့ကလော့ ကျေးရွာအုပ်စု၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းကို ဩဂုတ် ၃၀ ရက်က ဖွင့်လှစ်ရာ မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၈၀ တက်ရောက်ပြီး လက်သမား၊ ပန်းရန်၊ သံချည်သံကွေး၊ စွပ်ကျယ်တံဆိပ်ရိုက်နည်း၊ ဆပ်ပြာနှင့် ခေါင်းလျှော်ရည်လုပ်နည်း၊ ကောက်ရိုးမှိုစိုက်ပျိုးနည်း၊ ဆံပင်ညှပ်နှင့် အလှပြုပြင်ရေး၊ မွေးမြူရေးနှင့် စိုက်ပျိုးရေး ပညာပေးသင်တန်းတို့ကို စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**မင်းသန့်(ကျေးလက်)**





ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၅၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ ဝ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၃ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

# ပုဂံဒေသရှိ ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အလှူငွေများပေးအပ်လှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၂**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင် ပျက်စီးခဲ့သော ရှေးဟောင်းအမွေအနှစ်ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ငလျင်ဒဏ်ကြောင့် ပုဂံဒေသတွင် ပျက်စီးခဲ့သော ရှေးဟောင်းအမွေအနှစ် ဘုရားစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ အလှူဒါန ခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၆၄၈၀၀၀၀နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦး၏ နေ့တွက်စရိတ် တစ်ရက်စာစုပေါင်းလှူဒါန်းငွေကျပ် ၈၅၂၀၀၀၀ စုစုပေါင်းကျပ်သိန်း ၁၅၀ ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာအား ပြန်လည်ပေးအပ်ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လက်ခံရယူသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## ပုဂံဒေသ စေတီပုထိုးများ ပြန်လည်ပြုပြင်ရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂**
ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစေတီပုထိုးများ ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်က နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၂၁၉ ဦး၏ တစ်ရက်စာ နေ့တွက်စရိတ် လှူဒါန်းငွေ ကျပ် ၄၃၈၀၀၀၀ နှင့် အမျိုးသားလွှတ်တော်ရုံး အလှူဒါန ခေါင်းစဉ်မှ လှူဒါန်းငွေကျပ် ၅၆၂၀၀၀၀ စုစုပေါင်း ကျပ်သိန်း ၁၀၀ ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုထံသို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လက်ခံရယူသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် ရေးရာကော်မတီ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာအမြဲတမ်းကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Pier Ferdinando Casini အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဇော်သိန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးစိုင်းသန့်ဇင်၊ ဦးခွန်အောင်ကျော်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ အီတလီသံအမတ်ကြီး H.E.Mr. Pier Giorgio Aliberti လည်း တက်ရောက်ခဲ့သည်။ **(သတင်းစဉ်)**



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂**
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အီတလီအထက်လွှတ်တော် နိုင်ငံခြားရေးရာ အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E. Mr. Pier Ferdinando Casini အား ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဦးဇုန်လှယ်ထန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

### ○ ကျောဖုံးမှ

စက်တင်ဘာ ၂ ရက် နံနက် ၆ နာရီက PG ထိုင်းလေကြောင်းလိုင်းဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှတစ်ဆင့် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ထွက်ခွာသွားပြီဖြစ်သည်။ မစုပုံချစ်နှင့်အတူ NYC ကိုယ်စားပြု ကိုဘော်စကို(ခ)စောသူရအောင်လည်း လိုက်ပါသွားကြောင်း သိရသည်။

မစုပုံချစ်နှင့် စောသူရအောင်တို့သည် ဘန်ကောက်မြို့မှတစ်ဆင့် ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့သို့ ဆက်လက်ထွက်ခွာကြမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်အထိ ကျင်းပမည့်အစည်းအဝေးများတက်ရောက်ကြရမည်ဖြစ်သည်။

မစုပုံချစ်သည် ညောင်တုန်းမြို့ (၁၁) လမ်း လမ်းမတော်နေ ဒေါက်တာအုန်းကျော်- ဒေါ်ခင်ဆွေလဲ့တို့၏သမီးဖြစ်ပြီး လက်နှစ်ဖက်စလုံးမပါသည့်အပြင် ဘယ်ခြေထောက်ကလေးတစ်ခုတည်းသာ ပါသူဖြစ်သည်သော်လည်း အခြေခံပညာအဆင့် ပညာသင်ကြားခဲ့စဉ်ကတည်းက ထူးချွန်သူတစ်ဦးဖြစ်ရုံမျှမက ကြိုးခုန်၊ ဖန်ခုံ၊ ထုပ်ဆီးတိုး အားကစားမျိုးစုံတွင်လည်း သူများနည်းတူ ပါဝင်ကစားနိုင်သူဖြစ်သည်။ အခြေခံပညာအထက်တန်းကိုလည်း ထူးချွန်စွာအောင်မြင်ခဲ့ပြီး ရန်ကုန်နည်းပညာတက္ကသိုလ်တွင်လည်း ထူးချွန်အောင်မြင်စွာ ပညာသင်ကြားနေသူဖြစ်သည်။ **နေလင်း(ညောင်တုန်း)**

### ❐ မြန်မာ ယူ-၂၂ မှ

ရွှေတံဆိပ်နှင့် ဝေးကွာလျက်ရှိပြီး ၁၉၉၃၊ ၂၀၀၇၊ ၂၀၁၅ ပြိုင်ပွဲတို့တွင် ဗိုလ်လုပွဲသို့ပြန်လည်တက်လှမ်းနိုင်ခဲ့သော်လည်း ထိုင်းအသင်းကို သုံးကြိမ်စလုံးရှုံးကာ ငွေဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။

ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲယှဉ်ပြိုင်ခွင့်ရခဲ့သည့် ကစားသမားအများစုပါဝင်လာမည့် မြန်မာယူ-၂၂ အသင်းကို နည်းပြ ဦးကြည်လွင်က(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

## ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကျင်းပ

**သီပေါ စက်တင်ဘာ ၂**
ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် လမ်း၊ တံတား၊ရေပေးရေးနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအတွက် ဘတ်ဂျက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂ ရက် နံနက် ၁၀ နာရီက မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းခွန်ဇော်ဦးက ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများက အကြံပြု ဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ဆုံးဖြတ်ချက်ချမှတ်ကြပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သည့် လမ်း၊ တံတား၊ ရေပေးရေးနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင် သင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၂**
နေပြည်တော်ရဲတပ်ဖွဲ့က မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ ရုံး/ ရဲစခန်းများတွင် တာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများအနေဖြင့် အမှုစုံစမ်းဖော်ထုတ်ဖမ်းဆီးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်စဉ် သုံးစွဲကုန်ကျစရိတ်များ၊ တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးဆေးကုသစရိတ်များကို ဘဏ္ဍာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြတောင်းခံ လုပ်ကိုင်ဆောင်ရွက်တတ်စေရန် ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းခွင် ရက်တိုသင်တန်းအမှတ်စဉ်(၁/၂၀၁၆) အား သင်တန်းသား ၅၁ ဦးဖြင့် ဩဂုတ် ၂၉ ရက်က စတင်ဖွင့်လှစ်ပို့ချခဲ့သည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပရာ နေပြည်တော်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးဇော်ခင်အောင်က သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး ဦးစီးအရာရှိ(ပထမတန်း)(ဦး၊ရေး၊ထောက်)၊ အကူတပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ နည်းပြဆရာများ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ခဲ့သည်။ **ဆရာမင်း(ရှုပဗေဒ)**



# ဥဇဘက်သမ္မတ ကွယ်လွန်ဟု သံတမန်များ ပြော

**အယ်လ်မာတီ စက်တင်ဘာ ၂**
ဥဇဘက်ကစ္စတန်နိုင်ငံ၏သမ္မတ အစ္စလာမ်ကာရီမော့သည် လေသင်တုန်းရောဂါဝေဒနာကို ခံစားခဲ့ရပြီးနောက် ကွယ်လွန်အနိစ္စရောက်သွားပြီဖြစ်ကြောင်း သံတမန်သတင်းရပ်ကွက်က စက်တင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ဥဇဘက်သမ္မတ ကာရီမော့ကွယ်လွန်ချိန်တွင် ၎င်း၏အသက်မှာ ၇၈ နှစ်ရှိပြီဖြစ်သည်။ ကာရီမော့ ကွယ်လွန်သည်ဆိုသော သတင်းနှင့်ပတ်သက်၍ ဥဇဘက်အစိုးရအဖွဲ့က ချက်ချင်းအတည်ပြုပြောကြားခြင်းမရှိပေ။ ကာရီမော့သည် ဩဂုတ် ၂၇ ရက်မှစ၍ ဆေးရုံတွင် ဆေးဝါးကုသမှုခံယူခဲ့ရသည်ဆို၏။

**ရိုက်တာ။**

# ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ရုရှားသမ္မတပူတင်တို့ တွေ့ဆုံဆွေးနွေး

**ဗလာဒီဗော့စတော့ စက်တင်ဘာ ၂**
ရုရှားနိုင်ငံသို့ ရောက်ရှိနေသော ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးသည် သမ္မတဗလာဒီမာပူတင်နှင့် စက်တင်ဘာ ၂ ရက်က ဗလာဒီဗော့စတော့မြို့၌ တွေ့ဆုံဆွေးနွေးကြောင်း၊ ရုရှား-ဂျပန်ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များအပါအဝင် ကိစ္စရပ်အများအပြားနှင့်ပတ်သက်၍ ၎င်းတို့ဆွေးနွေးကြကြောင်း ပီတီအိုင်သတင်းဌာနက သတင်းထုတ်ပြန်သည်။

ရုရှား အရှေ့ဖျားဒေသရှိ ဗလာဒီဗော့စတော့မြို့၌ ကျင်းပသည့် ဒုတိယအကြိမ်အရှေ့တိုင်းစီးပွားရေးဖိုရမ်ဆွေးနွေးပွဲသို့ တက်ရောက်ရန် ရောက်ရှိနေစဉ် ဝန်ကြီးချုပ်အာဘေးသည် သမ္မတပူတင်နှင့်သီးခြားတွေ့ဆုံဆွေးနွေးခြင်းဖြစ်သည်။

ရုရှားနှင့်ဂျပန်နိုင်ငံတို့သည် နှစ်နိုင်ငံကုန်သွယ်ရေးဆက်ဆံမှုကို မြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသော်လည်း ပိုင်နက်နယ်မြေအငြင်းပွားမှုတွင် အကျုံးဝင်သောကျွန်းများအရေးနှင့်ပတ်သက်၍ တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။

အငြင်းပွားကျွန်းစုများအရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံခေါင်းဆောင်များ အလေးအနက်ပြုဆွေးနွေးခဲ့ကြကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဂျပန်နှင့်ရုရှားအကြား အပြန်အလှန်ယုံကြည်မှုတည်ဆောက်နိုင်ကြမည်ဆိုလျှင် နှစ်နိုင်ငံအပေးအယူမျှတလာနိုင်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ထိုစဉ်အတွင်း ဂျပန်အစိုးရအဖွဲ့၏အစီအစဉ်အရ နိုင်ငံပိုင် အရင်းအမြစ်များဆိုင်ရာ ကုမ္ပဏီတစ်ခုက ရုရှား၌ ရင်းနှီးမြှုပ်နှံရန် ဆောင်ရွက်နေဖွယ်ရှိကြောင်း မီဒီယာသတင်းများတွင် ဖော်ပြသည်။


သမ္မတပူတင်သည် ဂျပန်နိုင်ငံသို့လာမည့် ဒီဇင်ဘာလတွင် သွားရောက်မည်ဟု ထုတ်ပြန်ကြေညာချက်တစ်ရပ် ပေါ်ထွက်လာခဲ့ပြီးနောက် ရက်ပိုင်းအတွင်းတွင် ရုရှားသို့ အာဘေးရောက်ရှိလာခြင်းဖြစ်သည်။

**ပီတီအိုင်။**





# နေကြတ်ခြင်းကို တောင်အာဖရိက နိုင်ငံတွင် မြင်တွေ့ခဲ့ရ





**ကိတ်တောင်း စက်တင်ဘာ ၂**
တောင်အာဖရိကနိုင်ငံတွင် ယနေ့မွန်းလွဲ ၁၂ နာရီခွဲက နေကြတ်ခြင်းဖြစ်ပေါ်ခဲ့ပြီး နေကြတ်နေစဉ် လကမ္ဘာက နေ၏အဝန်းတစ်ခုလုံးကို ဖုံးအုပ်လုဆဲအချိန်တွင် မီးဝန်းသဏ္ဍာန် စက်ဝိုင်းတစ်ခု ထွက်ပေါ်လာခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ပြင်သစ်နိုင်ငံ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော အိန္ဒိယသမုဒ္ဒရာနယ်မြေတစ်ခုဖြစ်သည့် ရီယူနီယန်ကျွန်းပေါ်တွင် ကျွန်းနေပြည်သူ ၃၀၀၀ နှင့် ကမ္ဘာလှည့်ခရီးသွားအများအပြားက အဆိုပါလင်ပုပ်ဖမ်းခြင်းကို နေကာမျက်မှန်များဝတ်ဆင်ကာ ကြည့်ရှုခဲ့ကြသည်။

စက်တင်ဘာ ၂ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် လကမ္ဘာကနေအဝန်းတစ်ခုလုံးနီးပါးကို ဖုံးအုပ်လုဆဲဖြစ်သည်။ မွန်းလွဲ ၂ နာရီခန့်တွင် နေနှင့်လ၏ ဘေးပတ်ဝန်းကျင်၌ မီးစက်ဝန်းပုံသဏ္ဍာန်တစ်ခု သုံးမိနစ်ခန့်ထွက်ပေါ်လာခဲ့သည်။ တောင်ပစိဖိတ်နိုင်ငံများ၊ တောင်အာဖရိက၊ တောင်အတ္တလန္တိတ်နှင့် အာဖရိကနိုင်ငံများတွင် နေကြတ်ခြင်းကို လာမည့်နှစ်ဖေဖော်ဝါရီလတွင် မြင်တွေ့နိုင်ကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ။**

# နယူးဇီလန်တွင် အင်အားပြင်းငလျင်လှုပ်သည့်အတွက် ဆူနာမီသတိပေးချက် ထုတ်ပြန်ထား

**ဝယ်လ်လင်တန် စက်တင်ဘာ ၂**
တောင်ပစိဖိတ်သမုဒ္ဒရာရှိ နယူးဇီလန်ကမ်းလွန်တွင် အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်သွားခဲ့သည်။ ငလျင်လှုပ်ခတ်ပြီးနောက် ငလျင်ဗဟိုချက်နှင့်အနီးတစ်ဝိုက်ကမ်းခြေများတွင် စင်တီမီတာ ၃၀ ခန့်မြင့်မားသည့် ဆူနာမီလှိုင်းလုံးများဖြစ်ပေါ်ခဲ့သည့်အတွက် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ရသည်။

အမေရိကန်ဘူမိလေ့လာရေးဌာနက ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ မြေငလျင်တစ်ခု ဒေသစံတော်ချိန်နံနက် ၄ နာရီ မိနစ် ၃၀ တွင် လှုပ်ခတ်သွားခဲ့ကြောင်း ကနဦးထုတ်ပြန်ကြေညာခဲ့သည်။

ငလျင်သည် အရှေ့မြောက်ပိုင်းကမ်းလွန် ကီလိုမီတာ ၆၀ ခန့် အကွာနှင့် ကီလိုမီတာ ၃၀ အနက်တွင် ဗဟိုပြုလှုပ်ခတ်သွားခဲ့သည်။ ငလျင်လှုပ်ခတ်ပြီးနောက် နာရီပိုင်းအကြာတွင် ပြင်းအား အဆင့် ၅ နှင့် အထက်ရှိ နောက်ဆက်တွဲ ငလျင်ငါးခု စံချိန်တင်လှုပ်ခတ်သွားခဲ့သည်ဟု နယူးဇီလန်အစိုးရတာဝန်ရှိသူများက ပြောကြားသည်။

နယူးဇီလန်အစိုးရသည် ကမ်းခြေဒေသများရှိ ပြည်သူများအတွက် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ထားသည်။ ငလျင်လှုပ်ခတ်မှုနှင့်ပတ်သက်၍ ဒေသခံသတင်းမီဒီယာများတွင် ပျက်စီးဆုံးရှုံးမှုနှင့် အသေအပျောက်များ ရေးသားဖော်ပြခြင်းမရှိပေ။

**အင်န်အိတ်ချ်ကေ။**

# ထိုင်းနိုင်ငံမြောက်ပိုင်းတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ နောက်ထပ်နှစ်ဦးကို တွေ့ရ

**ဗန်ကောက် စက်တင်ဘာ ၂**
ထိုင်းနိုင်ငံမြောက်ပိုင်းချင်းမိုင်ပြည်နယ်၌ ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ လူခုနစ်ဦးသည် အပြည့်အဝပြန်လည်နာလန်ထူလာပြီးနောက် ယင်းပြည်နယ်အတွင်း ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ နှစ်ဦးကို ထပ်မံတွေ့ရှိရကြောင်း ဒေသတွင်း သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ချင်းမိုင်ပြည်နယ် ဆန်းဆိုင်ခရိုင်မှ အမျိုးသမီးနှစ်ဦးတွင် ဇီကာဗိုင်းရပ်စ် ကူးစက်မှုကို တွေ့ရှိရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ပါဝင်ချမ်နီပရာဆတ်က အတည်ပြုပြောကြားသည်။ အသက် (၁၈) နှစ်နှင့် (၇၄) နှစ်အရွယ် အမျိုးသမီးနှစ်ဦး နာမကျန်းဝေဒနာခံစားရပြီးနောက် ဇီကာဗိုင်းရပ်စ် ကူးစက်ခံထားရသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

ဆန်းဆိုင်ခရိုင်တွင် ယခင်ကလည်း ဇီကာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုများဖြစ်ပွားခဲ့ဖူးသည်။ ထိုင်းနိုင်ငံတွင် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ယခုနှစ်အတွင်း ဇီကာဗိုင်းရပ်စ်ပိုးကူးစက်ခံရသူဦးရေ ထူးခြားစွာ မြင့်တက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုင်းနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အကြား ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေမှာ တစ်နှစ်လျှင် ပျမ်းမျှငါးဦးရှိသည်။

၂၀၁၆ ခုနှစ်၏ ပထမခြောက်လတာကာလအတွင်း ထိုင်းနိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်အားလုံးတွင် ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူ ဦးရေ စုစုပေါင်း ၉၇ ဦးရှိကြောင်း ထိုင်းရောဂါထိန်းချုပ်ရေးဌာနက ပြောကြားသည်။

ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသူများသည် အနည်းငယ်ဖျားနာပြီးနောက် အရေပြားတွင် အဖုအပိမ့်ထွက်ခြင်း၊ မျက်ခမ်းများရောင်ရမ်းခြင်း၊ ကြွက်သားများနှင့် အရိုးအဆစ်များ နာကျင်ခြင်း၊ မအီမသာဖြစ်ခြင်း သို့မဟုတ် ခေါင်းကိုက်ခြင်း ခံစားရမြဲဖြစ်သည်။ သို့သော် ၎င်းရောဂါပိုးကူးစက်ခံရပါက အသက်သေဆုံးနိုင်သည့် တိုင်အောင် ပြင်းထန်နိုင်သည်။

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် အသက်ကိုးနှစ်အရွယ် မိန်းကလေးတစ်ဦးသည် မကြာသေးမီက ဇီကာဗိုင်းရပ်စ်ကူးစက်ရောဂါဖြင့် သေဆုံးသွားပြီး ယင်းရောဂါဖြင့် သေဆုံးသူဦးရေမှာ သုံးဦးအထိ တိုးမြင့်သွားကြောင်း ဒေသတွင်း သတင်းများ၌ ဖော်ပြသည်။

**ဆင်ဟွာ။**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြု

**နေပြည်တော် စက်တင်ဘာ ၂**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၅)ရက် မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ သာစည်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး၏ မြို့နယ်စာရင်းစစ်ရုံးများတွင် မြို့နယ်စာရင်းစစ်အရာရှိအဆင့်ကို လက်ထောက်ညွှန်ကြားရေးမှူးအဆင့်သို့ တိုးမြှင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းအား ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက ယင်းသို့ တိုးမြှင့်ပေးရန် မဖြစ်နိုင်သေးပါကြောင်း ဖြေကြားသည်။

နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေကို လိုငွေပြဘတ်ဂျက်မှ ညီမျှခြေဘတ်ဂျက်သို့ ရောက်စေရန် ဦးတည်ဆောင်ရွက်နေပြီး ကုန်ကျစရိတ်များကို ခြိုးခြံချွေတာနေသည့် အတွက်ကြောင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့်တွင်ပင် ဝန်ကြီးဌာနများအချို့ ပေါင်းစပ်ခြင်းအပြင် များပြားသော အလုပ်ဝတ္တရားများကိုပင် ဒုတိယဝန်ကြီးများ မခန့်အပ်တော့ဘဲ ကျစ်လျစ်သိပ်သည်းစွာဖြင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ အနည်းဆုံးဖြင့် အကောင်းဆုံး လုပ်ငန်းစွမ်းဆောင်ရည်ရရှိစေရန် ဆောင်ရွက်နေသည့် အတွက်ကြောင့်လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၃၄ပါ စာရင်းစစ်ရုံးအဆင့်ဆင့်ရှိ စာရင်းစစ်အရာရှိများ၏ တာဝန်ဝတ္တရားများကို စွမ်းဆောင်ရည်ပြည့်ဝစွာ လုပ်ကိုင်ဆောင်ရွက်ရန်သာ ပဓာနကျသည့် အတွက်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တင်ပြလာသည့် မြို့နယ်စာရင်းစစ်ရုံးများတွင် မြို့နယ်စာရင်းစစ်အရာရှိမှ လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ပေးရန် မဖြစ်နိုင်သေးပါကြောင်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ရှင်းလင်းဖြေကြားသည်။

သံတွဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမင်းကြည်၏ သံတွဲမြို့နယ်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်းကို မည်သည့်ကာလတွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက သူငွေးရေအားလျှပ်စစ်စီမံကိန်း၏ လျာထားလုပ်ငန်းအစီအစဉ်ပါအတိုင်း နှစ်စဉ် ရန်ပုံငွေပြည့်ဝစွာ ရရှိနိုင်မှသာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်ကုန်တွင် စီမံကိန်းပြီးစီးနိုင်မည်ဖြစ်ကြောင်း၊


ဦးသန်းစိုး


ဦးမော်သန်း

၎င်းနောက် စီမံကိန်းမှထွက်ရှိမည့် လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်၍ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် စတင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထက်၏ ၂၀၁၇ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန်နှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိနိုင်ရေးအတွက် မည်သို့စီစဉ် ဆောင်ရွက်ထားသည်ကို သိလိုခြင်းမေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက ၂၀၁၇ ခုနှစ် နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိစေရန်နှင့် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ရေးအတွက် စုစုပေါင်း တပ်ဆင်အင်အား (၃၉၀) မဂ္ဂါဝပ် တိုးတက်ရရှိရန် စီမံဆောင်ရွက်ထားပါကြောင်းနှင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းစေရေးအတွက်သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းခြင်း၊ ဟောင်းနွမ်းနေသည့် ဆားဗစ်ကြိုးများ လဲလှယ်ခြင်း၊ ဝန်အားပိုနေသော ထရန်စဖော်မာများ လဲလှယ်တပ်ဆင်ခြင်း၊ ထရန်စဖော်မာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် ဓာတ်အားလိုင်းတိုင်များ အစားထိုးလဲလှယ်/ ပြန်လည်တည့်မတ်ခြင်းများကိုလည်း အချိန်နှင့် တစ်ပြေးညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ဟုမ္မလင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က ဟုမ္မလင်းမြို့နယ်အတွင်းရှိ နမ့်ပန်းငါးချောင်းအား အသုံးပြု၍ အသေးစားရေအားလျှပ်စစ်ထုတ်သော စက်ရုံအား ၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားရာတွင် ဟုမ္မလင်းမြို့နယ် နမ့်မာလုံချောင်းတွင် (၆၀၀) ကီလိုဝပ် ထွက်ရှိမည့် အသေးစားရေအားလျှပ်စစ်စက်ရုံအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း၊ စီမံကိန်း (၂) ရပ်အား တစ်ပြိုင်တည်းဆောင်ရွက်ရန် ရန်ပုံငွေလုံလောက်မှု မရှိခြင်း၊ နမ့်ပန်းငါးချောင်းကို အသုံးပြု၍ အသေးစားရေအားလျှပ်စစ်ထုတ်သော စက်ရုံအား ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းတွင် ထည့်သွင်းပေးနိုင်ခြင်း မရှိခြင်းတို့ကြောင့် နောင်လာမည့် ဘတ်ဂျက်နှစ်များတွင် စီမံကိန်းအကောင်အထည်ဖော်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းပေးသွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သောအခါ ၎င်းဝန်ကြီးဌာနမှ နည်းပညာဆိုင်ရာများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တင်သွင်းသည့် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏သဘောထားကိုရယူပြီး လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂**

အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး ၂၅ ရက် မြောက်နေ့တွင် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသည့်အတွက် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာတင်သွင်းရာတွင် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က ယင်းရုပ်သိမ်းသည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ကို ဆက်လက်အတည်ပြု ဆောင်ရွက်သင့်သည်ဟု လေ့လာတွေ့ရှိရကြောင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေးက ၎င်းဥပဒေသည် လတ်တလောအခြေအနေများအရ ရုပ်သိမ်းရန်မသင့်သေးကြောင်းနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏လုံခြုံရေးနှင့် အကျိုးစီးပွားကို အကာအကွယ်ပေးနိုင်မည့် ဥပဒေအသစ်တစ်ရပ် ရေးဆွဲပြဋ္ဌာန်းပြီးမှသာ ယခုဥပဒေကို ရုပ်သိမ်းသင့်ကြောင်း အကြံပြုဆွေးနွေးထားသည်ဟု ထည့်သွင်းတင်ပြခဲ့သည်။

ယင်းရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းနိုင်ကြောင်း ကြေညာထားသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးမြင့်နိုင်၏ ရခိုင်ပြည်နယ် ကျောက်တော်မြို့ပေါ်ရှိ အခြေခံပညာထက်တန်းကျောင်း(ခွဲ) မြို့မကျောင်းအား (200 × 30 × 25) ပေ နှစ်ထပ် RC ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက လက်ရှိအခြေအနေအရ မြို့မအခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိ စာသင်ခန်းနှင့် ကျောင်းသားအချိုးမှာ မူလတန်းအဆင့်တွင် ၁ အချိုး ၄၅၊ အလယ်တန်းအဆင့်တွင် ၁ အချိုး ၃၈၊ အထက်တန်းအဆင့်တွင် ၁ အချိုး ၄၅ ဖြစ်သဖြင့် စာသင်ခန်းနှင့် ကျောင်းသားအရေအတွက်မှာ လုံလောက်မှုရှိပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အဆောက်အအုံများ စိစစ်ချိန်တွင် ဦးစားပေးအစီအစဉ်အရ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။


ဦးမြင့်နိုင်


ဦးစိုင်းသန်းနိုင်


ဦးဝေစိန်အောင်

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဦးခင်အောင်မြင့် တင်သွင်းထားသည့် တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေ ထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ်အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်က မြန်မာနိုင်ငံတွင် တိုင်းရင်းသားဘာသာစကားဖြင့် စာပေသင်ကြားနိုင်ရေးသည် နိုင်ငံရေးအရသော်လည်းကောင်း၊ ပညာရေးအရသော်လည်းကောင်း အလေးထားဆောင်ရွက်ရမည့် ကိစ္စဖြစ်ပါကြောင်း၊ ပညာခေတ်တွင် ပညာဖြင့် အသက်မွေးကြရပါကြောင်း၊ ပညာတတ်မှ အကောင်း အဆိုးဝေဖန်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားများအတွက် မိခင်ဘာသာစကားကို အခြေပြုဆောင်ရွက်မှသာ ပညာရေးရည်မှန်းချက် အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင်က ကမ္ဘာပေါ်တွင် စာတတ်မြောက်မှုနှုန်း မြင့်မားသည့် နိုင်ငံများသည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုရှိနေပါကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်က တိုင်းပြည်အုပ်ချုပ်ရေးစနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ဆုံးဖြစ်ကြောင်း၊ ဒီမိုကရေစီ အောင်မြင်ရန် ပြည်သူပြည်သားတို့၏ အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင်ရှိကြရမည်ဖြစ်ကြောင်း၊ အသိဉာဏ်ပညာကင်းမဲ့သောနိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဲဆန္ဒရှင်တိုင်း ပညာတတ်ကြရမည်ဖြစ်ကြောင်း၊ ဆင်ခြင်တုံတရားကို သုံးနိုင်ကြရမည်ဖြစ်ကြောင်း၊ ပညာသည် နိုင်ငံရေးအခြေခံအစစ်ဖြစ်ကြောင်း ဆိုထားပါကြောင်း၊ ထို့ကြောင့် ပညာရေးအတွက် လိုအပ်ချက်များစွာ ရှိနေသေးသည့် တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေးလုပ်ငန်းစဉ်ကို အထူးကိစ္စရပ်အနေဖြင့် ဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း ဆွေးနွေးသည်။

အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၅ ရက်မြောက်နေ့ကို ရပ်နားလိုက်သည်။

**(သတင်းစဉ်)**

## အီဂျစ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးဦးမြင့်လွင် ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၃**

အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် ကိုင်ရိုမြို့၌ အီဂျစ်အာရပ်သမ္မတနိုင်ငံ သမ္မတမစ္စတာ အဗ္ဗဒယ်လ်ဖက်တက် အယ်လ်စီစီထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

**ထာဝရ ကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**



ပေါင်းစည်းမှု၏စွမ်းအား

- ပင်လုံဖြင့် လွတ်လပ်ရေးရခဲ့သည်။
- ၂၁ ရာစုပင်လုံဖြင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်မည်။

# ညီညွတ်ခြင်း ငြိမ်းချမ်းခြင်း အောင်မြင်ခြင်းများနှင့် (၂၁)ရာစုပင်လုံ

## မိမိုးအေး(ဘားအံတက္ကသိုလ်)

"ရဟန်းတို့ ဂင်္ဂါ၊ ယမုံနာ၊ အစိရဝတီ စသည့် မြစ်ကြီးများ အားလုံးတို့သည် မဟာသမုဒ္ဒရာသို့ ဝင်ရောက်ကြချိန်တွင် မူလမြစ်အမည်များကိုစွန့်ပြီး မဟာသမုဒ္ဒရာဟုသာ ခေါ်ဆိုကြသည်။ ထို့အတူပင် မင်းပုဏ္ဏား၊ ကုန်သည်၊ ဆင်းရဲသားဟူသည့် အမျိုးလေးပါးတို့သည်လည်း လူ့ဘောင်မှ ရဟန်းဘောင်သို့ရောက်လာကြသည့်အခါ တစ်ချိန်က အမည်အနွယ်များကိုစွန့်၍ အားလုံးကို ဘုရားသားတော် ရဟန်းဟုသာ ခေါ်ဆိုကြသည်။ ဤကား သာသနာတော်၏ စတုတ္ထအံ့ဖွယ်ဖြစ်၏" ဗုဒ္ဓသည် ဖော်ပြပါအကြောင်းအရာကို စူဠဝဂ္ဂပါဠိတော်၌ ဟောကြားထားခြင်းဖြစ်ပါသည်။ သာသနာတော်၏ အံ့ဖွယ်ရှစ်ပါးအနက် စတုတ္ထမြောက်အံ့ဖွယ်ဖြစ်သည်။

**တစ်သွေးတည်း တစ်သားတည်း**

ယခု နိုင်ငံတော်တွင် ညီလာခံကြီးတစ်ခု ကျင်းပလျက်ရှိပါသည်။ သမိုင်းတွင်မည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးပင်ဖြစ်ပါသည်။ ဤညီလာခံကြီးသို့ နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ စသည်ဖြင့် အလွှာအသီးသီး၊ အဆင့်အတန်းအမျိုးမျိုး တက်ရောက်ဆွေးနွေးနေကြပြီဖြစ်ပါသည်။ ဗုဒ္ဓမိန့်တော်မူသည့်အတိုင်း ဘယ်နေရာ၊ ဘာလူမျိုး၊ ဘယ်လိုအဆင့်အတန်း၊ ဘယ်အလွှာကပင်လာသည်ဖြစ်စေ အားလုံးသည် ရည်ရွယ်ချက်တစ်ခုတည်းဖြင့် ရောက်ရှိလာကြခြင်းဖြစ်ပါသည်။ ထိုရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးရရှိလိုသော ရည်ရွယ်ချက်ပင်ဖြစ်သည်။ ညီလာခံကြီးသို့ ရောက်ရှိလာကြသူများသည် မူလက မတူကွဲပြားမှုများ မည်သို့ပင်ရှိစေကာမူ ယခုအချိန်တွင် တစ်သားတည်း တစ်သွေးတည်း ရှိနေကြပေပြီ။

**မငြိမ်းချမ်းမှုများ၊ စစ်ပွဲများကြောင့်**

အများသိထားကြပြီးသည့်အတိုင်း မညီညွတ်မှုများကြောင့် တိုင်းပြည်လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်။ ပထမပင်လုံကြောင့် လွတ်လပ်ရေးရရှိခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ညီညွတ်မှုပြိုကွဲပြီး လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် မငြိမ်းချမ်းခဲ့သည်မှာ နှစ် ၇၀ နီးပါးမျှရှိခဲ့ပါပြီ။ မငြိမ်းချမ်းမှုများ၊ စစ်ပွဲများကြောင့် လူ့အသက်ပေါင်းများစွာအပြင် အဘက်ဘက်မှ ဆုံးရှုံးမှုများနှင့် ကြုံတွေ့ခဲ့ရသည်မှာ ယနေ့တိုင်အောင်ပင် ဖြစ်ပါသည်။ ယခုအခါ ထာဝရငြိမ်းချမ်းရေးရရှိရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်မှုကြောင့် ပထမအဆင့် ခြေလှမ်းအဖြစ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီး ကျင်းပနေပါပြီ။ ညီလာခံကြီးကျင်းပနိုင်ရန် အရေးကြီးသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူညီချက်စာချုပ်(NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် လက်မှတ်ရေးထိုး ချုပ်ဆိုနိုင်ခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်မရေးထိုးနိုင်ခဲ့သည့် အချို့အဖွဲ့များမှအပ အစိုးရ နှင့် တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့တို့ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါသည်။

**ကဏ္ဍသေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ကြိုးပမ်းဆောင်ရွက်**

ညီလာခံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မတူညီတဲ့အမြင် သဘောထားတွေကို ပြည်သူတွေ ကောင်းကျိုးအတွက် ညှိနှိုင်းဖြစ်စေတဲ့ ပညာ၊ လက်ခံသင့်တဲ့ အတွေးအခေါ်၊ အပြုအမူတွေကို လက်ခံရဲတဲ့သတ္တိ၊ ခက်ခဲတဲ့လုပ်ငန်းတွေကို အောင်မြင်သည်အထိ ရွက်ဆောင်နိုင်တဲ့ ဝီရိယတို့နဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖြစ်စဉ်ကြီးမှာ ပါဝင်သူအားလုံးဟာ မိမိတို့ရဲ့ကဏ္ဍ သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ကြိုးပမ်းဆောင်ရွက်သွားမယ်ဆိုရင် ကျွန်မတို့ မျှော်မှန်းတမ်းတနေတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ပါသည်။ ပညာ၊ သတ္တိ၊ ဝီရိယတို့ဖြင့် လုပ်ကိုင်ဆောင်ရွက်သွားရန် အထူးမှာကြားခဲ့သည်ကို တွေ့ရပါသည်။

**မဆုတ်ယုတ်ကြောင်း တရား(၇)ပါး**

ဤနေရာ၌ ဗုဒ္ဓ၏ မဆုတ်ယုတ်ကြောင်းတရား သို့မဟုတ် ကြီးပွားတိုးတက်ကြောင်း တရား(၇)ပါးကို

**မိမိတို့၏ အာဃာတများ၊ အမြင်မတူမှုများ၊ သဘောထားကွဲလွဲမှုများစသည့် ပုဂ္ဂလိကခံစားချက်များကြောင့် ပဋိပက္ခများ၊ စစ်ပွဲများ ဖြစ်ပွားခဲ့ရသည်။ ထိုစစ်ပွဲများကြောင့် အသက်ပေါင်းများစွာ စတေးခဲ့ရသည်။ အဘက်ဘက်မှ နစ်နာခဲ့သူများ ယနေ့တိုင် မရေမတွက်နိုင်အောင် ရှိခဲ့ရသည်။ ရှိနေဆဲလည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် မေတ္တာစေတနာယုံကြည်မှုများနှင့်သာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်။**

အနည်းငယ်တင်ပြလိုပါသည်။ ထိုတရား (၇)ပါးကို ဝဇ္ဇီတိုင်းဝေသာလီပြည်၌ လိစ္ဆဝီမင်းများကို ဟောကြားခဲ့ခြင်းဖြစ်သည်။ ဝဇ္ဇီတိုင်းသည် 'ဂဏ'ဟုခေါ်သော စုပေါင်းအုပ်ချုပ်သည့်စနစ်ကို ကျင့်သုံးသည့်တိုင်းဖြစ်သည်။ လိစ္ဆဝီတို့သည် ဗုဒ္ဓ၏ 'အပရိဟာနိယ' ခေါ် မဆုတ်ယုတ်ကြောင်းတရား (၇)ပါးကို လိုက်နာကျင့်သုံးကြသဖြင့် စည်းလုံးညီညွတ်ပြီး ကြီးပွားတိုးတက်သည့် တိုင်းနိုင်ငံဖြစ်လာသည်။ ထိုတရား (၇)ပါးမှာ -

၁။ လိုအပ်သလိုစည်းဝေးခြင်း(သန္နိပါတ)။
၂။ ရေးရာကိစ္စများကို ညီညွတ်စွာဆုံးဖြတ် ဆောင်ရွက်ခြင်း(သမဂ္ဂ)။
၃။ တရားဥပဒေအတိုင်း လိုက်နာကျင့်သုံးခြင်း(ပညတ္တိပဋိပဇ္ဇန)။
၄။ အသက်ကြီးသူပညာရှိတို့ကို ရိုသေလေးစား၍ ၎င်းတို့၏ စကားကို နာယူခြင်း(ဝုဍ္ဍါပစာယ)။
၅။ ပြည်သူတို့၏ မယား၊ သားသမီးများကို အနိုင်အထက် မသိမ်းပိုက်ခြင်း(အပသယှပရိဂ္ဂဟ)။
၆။ မြို့စောင့်၊ ရွာစောင့်နတ်များကို အစဉ်လာပြုမြဲအတိုင်း ပူဇော်ပသခြင်း(ဓမ္မိကဗလိ)။
၇။ ရဟန်းသူတော်ကောင်းများရောက်လာအောင်၊ ရောက်လာပြီးသော ရဟန်းသူတော်ကောင်းများ ချမ်းသာစွာနေနိုင်အောင် စောင့်ရှောက်ခြင်း(အရဟန္တရက္ခာဝရဏဂုတ္တိ)တို့ ဖြစ်ပါသည်။

**ညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်ခြင်း**

မြတ်ဗုဒ္ဓ၏ ဒုတိယအပရိဟာနိယဖြစ်သော 'အရေးအရာကိစ္စများကို ညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်ခြင်း' သည် ယခုညီလာခံကြီးနှင့် ပတ်သက်ပြီး အလွန်ပင် အရေးပါလှပါသည်။ ညီညွတ်ရေးနှင့် ပတ်သက်၍ 'အညီအညွတ် စည်းဝေးခြင်း၊ အညီအညွတ်ထခြင်း၊ အညီအညွတ်ပြုလုပ်ဆောင်ရွက်ခြင်း' ဟူ၍ ညီညွတ်ရေးသုံးပါးရှိကြောင်း အဋ္ဌကထာတွင် ဖွင့်ဆိုထားပါသည်။

**အညီအညွတ် စည်းဝေးခြင်း**

အညီအညွတ်စည်းဝေးခြင်းဆိုသည်မှာ စည်းဝေးရမည့် နေ့ရက်၊ အချိန် သတ်မှတ်ထားသည့်အတိုင်း မပျက်မကွက် တက်ရောက်ရခြင်းပင်ဖြစ်သည်။ စည်းဝေးမည့်အချိန်ကာလကို ကြိုတင်အသိပေးထားပါလျက် သေးငယ်သောအရေးကိစ္စကို အကြောင်းပြ၍ ပျက်ကွက်ခြင်းသည် အညီအညွတ်စည်းဝေးခြင်းကို ဆန့်ကျင်ရာရောက်ပါသည်။

ညီညွတ်စွာထခြင်းဆိုရာ၌ အစည်းအဝေးပြီးဆုံးပြီးနောက်မှ စည်းဝေးခန်းမှ တစုတပေါင်းတည်းထွက်ခွာခြင်းဖြစ်ပါသည်။ အချို့ပြန်၍၊ အချို့ကျန်ရှိနေပါက မိမိတို့ပြန်မှ ကျန်သူများဆုံးဖြတ်ကြမည်ဟု သံသယဝင်နိုင်ပါသည်။

ညီညွတ်စွာလုပ်ဆောင်ခြင်းဟူသည် နိုင်ငံ၏ အရေးကိစ္စဖြစ်စေ၊ နိုင်ငံသားတစ်ဦး၏ ကိစ္စဖြစ်စေ အားလုံးက စုရုံးညီညာစွာဖြင့် ဆောင်ရွက်ခြင်း၊ ကူညီခြင်းဖြစ်သည်။

**အခန်းကဏ္ဍအလိုက် ကူညီ**

ယခုကျင်းပနေသောညီလာခံကြီးသည် ဗုဒ္ဓ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နေသည်ဟုဆိုလျှင် မှားမည်မထင်ပါ။ သတ်မှတ်ထားသောနေ့ရက်အချိန်တွင် အားလုံးစုံညီစွာ တက်ရောက်ခဲ့ကြပါသည်။ နိုင်ငံသူနိုင်ငံသားတိုင်းအတွက် အရေးကြီးသော ငြိမ်းချမ်းရေးကိစ္စကို စုပေါင်း၍ မိမိတို့၏ အခန်းကဏ္ဍအလိုက် ကူညီနေကြပြီဖြစ်ပါသည်။ ဗုဒ္ဓက ဤ (၇)ချက်အနက် တစ်ချက်နှင့် ပြည့်စုံပင်လျှင် ကြီးပွားတိုးတက်အောင်မြင်မည်ဟုဆိုပါသည်။ ဗုဒ္ဓ၏လမ်းညွှန်ချက်များနှင့် ကိုက်ညီနေသော ဤညီလာခံကြီး အောင်မြင်မည်မှာ ဧကန်ပင်ဖြစ်သည်။

**အသက်ပေါင်းများစွာ စတေးခဲ့ရ**

မပြေလည်မှု၊ မအောင်မြင်မှုများသည် မငြိမ်းချမ်းမှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အလွန်ပင်အရေးကြီးပါသည်။ မိမိတို့၏ အာဃာတများ၊ အမြင်မတူမှုများ၊ သဘောထားကွဲလွဲမှုများစသည့် ပုဂ္ဂလိကခံစားချက်များကြောင့် ပဋိပက္ခများ၊ စစ်ပွဲများ ဖြစ်ပွားခဲ့ရသည်။ ထိုစစ်ပွဲများကြောင့် အသက်ပေါင်းများစွာ စတေးခဲ့ရသည်။ အဘက်ဘက်မှ နစ်နာခဲ့သူများ ယနေ့တိုင် မရေမတွက်နိုင်အောင် ရှိခဲ့ရသည်။ ရှိနေဆဲလည်းဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး တစ်ဖက်နှင့်တစ်ဖက် မေတ္တာစေတနာယုံကြည်မှုများနှင့်သာ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်ဖြစ်သည်။

**ပထမဆုံးခြေလှမ်း**

အဖွဲ့အစည်းအသီးသီးနှင့် ခေါင်းဆောင်များ၏ အယူအဆ၊ သဘောထားခံယူချက်၊ စေတနာတို့သည် ဤနေရာ၌ အလွန်အရေးကြီးပါသည်။ သို့မှသာ ပင်လုံမှ မျှော်မှန်းခဲ့သော မျှော်မှန်းချက်ကို (၂၁)ရာစုက အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ ထိုသို့ အကောင်အထည်ဖော်ပေးနိုင်ရန် ညီလာခံကြီးသည် ပထမဆုံးခြေလှမ်းပင်ဖြစ်သည်။ ပြည်တွင်းငြိမ်းချမ်းရေးရရန် ပြည်သူအတွက် ပြုလုပ်ပေးသော ပြည်သူ့ညီလာခံကြီးပင်ဖြစ်သည်။

**တစ်သွေးတည်း၊ တစ်သားတည်း**

နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမှာစကားအရ ပညာ၊ သတ္တိ၊ ဝီရိယတို့ဖြင့် မိမိတို့ကျရာ အခန်းကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြတ်ဗုဒ္ဓ၏ သဘောထားအရလည်း စာပေ၊ ယဉ်ကျေးမှု၊ လူမျိုး၊ ဘာသာ၊ အယူအဆ၊ အဆင့်အတန်း၊ ခံယူချက်၊ ယုံကြည်ချက် မည်သို့ပင် မတူကွဲပြား ခြားနားနေစေကာမူ ညီလာခံကြီးသို့ ရောက်ရှိချိန်တွင် တစ်သွေးတည်း၊ တစ်သားတည်း ဖြစ်ရန် လိုအပ်ပါသည်။

**ညီလာခံ၏ ပန်းတိုင်**

ဤညီလာခံကြီးတွင် မတူကွဲပြားခြားနားချက်များကို ညှိနှိုင်းပြီး ညီလာခံ၏ ပန်းတိုင်ဖြစ်သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် ဆောင်ရွက်ရာတွင် အပရိဟာနိယတရားနှင့်အညီ ဆောင်ရွက်နိုင်ပါစေ။

မပါဝင်နိုင်သေးသော လက်နက်ကိုင်အဖွဲ့များ ပူးပေါင်းပါဝင်လာနိုင်ကြပါစေ။

နိုင်ငံ၏ လှပသောအနာဂတ်ကို ဖန်တီးပုံဖော်နိုင်ကြပါစေ။

လူသားအားလုံး ငြိမ်းချမ်းခြင်းအရသာကို ခံစားနိုင်ကြပါစေဟု ဆန္ဒပြုဆုမွန်ကောင်းတောင်း၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးအား ဂုဏ်ပြုအပ်ပါသည်။ ။



❂ **တပ်မတော်မှ**

ဆက်လက်၍ ဘရူနိုင်းတပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများဖလှယ်ရေး၊ အာဆီယံအဖွဲ့အစည်း စိတ်ဓာတ်ဖြင့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မာစေရန် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

**လေ့လာကြည့်ရှု**

ယင်းနောက် ဘရူနိုင်းတပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးနှင့် အဖွဲ့ဝင်များအား ဘရူနိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချိုထွန်းအောင်နှင့်ဇနီး၊ သံရုံးမိသားစုများက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘရူနိုင်း တပ်မတော်စစ်သမိုင်းပြတိုက်တွင် လေ့လာကြည့်ရှုစဉ်။

**(သတင်းစဉ်)**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည့်အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

**(သတင်းစဉ်)**



# ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသည့် မြန်မာ့နိုင်ငံရေးကျွမ်းကျင်သူ၊ ထင်ရှားသော သတင်းစာဆရာနှင့် ပါတီအဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များ၏စကားသံ

**တွေ့ဆုံမေးမြန်း - ကျော်ထိုက်စိုး၊ စိုးသူရ၊ ဓာတ်ပုံ - သုတ**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံ ဒုတိယနေ့ကို စက်တင်ဘာ ၁ ရက်တွင် နေပြည်တော်ရှိ MICC-2 ၌ ဆက်လက်ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ တက်ရောက်လာသော ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသည့် မြန်မာ့နိုင်ငံရေးကျွမ်းကျင်သူ၊ ထင်ရှားသော သတင်းစာဆရာနှင့် ပါတီအဖွဲ့အစည်းများမှ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**လာရီဂျာဂန်**
**အလွတ်တန်းသတင်းထောက်**
**အရှေ့တောင်အာရှရေးရာကျွမ်းကျင်သူ**

ငြိမ်းချမ်းရေးဖြစ်စဉ်က မြန်မာနိုင်ငံအတွက် ဒီအချိန်မှာ အရေးကြီးဆုံးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးမရရှိသရွေ့၊ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတန်းတူမရရှိသရွေ့ မြန်မာနိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုနဲ့ တည်ငြိမ်မှုရရှိနိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ငြိမ်းချမ်းရေးဖြစ်စဉ်က တိုင်းပြည်အတွက်အရေးကြီးဆုံးလို့ ကျွန်တော် ယုံကြည်တာပါ။ ဒေါ်အောင်ဆန်းစုကြည်က ဒီငြိမ်းချမ်းရေးဖြစ်စဉ်ကို အပြည့်အဝ အောင်မြင်အောင် လုပ်ဆောင်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်။ အခုကျင်းပနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို တိုင်းရင်းသားမျိုးနွယ်စုတွေ စုဝေးရောက်ရှိလာတာ ထာဝရငြိမ်းချမ်းရေးလိုချင်တဲ့ သူတို့ရဲ့ဆန္ဒကို ဖော်ပြနေခြင်းပါပဲ။ အုပ်ချုပ်ရေးကိစ္စတွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေကို ဖြေရှင်းရာမှာ အစိုးရအနေနဲ့ စိတ်ရှည်သည်းခံဖို့ လိုအပ်ပါတယ်။ ဒီငြိမ်းချမ်းရေးညီလာခံကြောင့် ချက်ချင်းကြီး ငြိမ်းချမ်းရေးရရှိသွားမယ်လို့ ကျွန်တော်မထင်ပါဘူး။ ဒါဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့အစပဲရှိသေးသလို ကောင်းမွန်တဲ့ စတင်မှုတစ်ခုပါပဲ။ ငြိမ်းချမ်းရေးတည်ဆောက်ဖို့ အချိန်အနည်းဆုံးငါးနှစ်လောက်ကြာပါမယ်။ ငြိမ်းချမ်းရေးရရှိလာရင် ဖွံ့ဖြိုးတိုးတက်လာပါလိမ့်မယ်။ ပြဿနာကတော့ ငြိမ်းချမ်းရေးကို ဘယ်လိုဖော်ဆောင်မလဲဆိုတာပါပဲ။ ဒေသန္တရအသိုင်းအဝိုင်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါဝင်လာပြီဆိုရင် ငြိမ်းချမ်းရေးအမှန်တကယ် ရရှိလာမှာပါ။ အရပ်ဘက်အဖွဲ့အစည်းတွေ အားကောင်းလာအောင်၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ ပိုမိုပါဝင်လာအောင် ကြိုးပမ်းရမှာပါ။ ဒေသန္တရအသိုင်းအဝိုင်းတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေဟာ ထာဝရငြိမ်းချမ်းရေးအတွက် မရှိမဖြစ်အရေးပါတယ်ဆိုတာကို အစိုးရနဲ့ တပ်မတော်က နားလည်သဘောပေါက်ရမှာဖြစ်ပါတယ်။

**မင်းထက်**
**ဘီဘီစီ မြန်မာပိုင်းအစီအစဉ်**

တက်ရောက်လာတဲ့သူတွေက ငြိမ်းချမ်းရေးရချင်တဲ့ ဆန္ဒရှိတာကို တွေ့ရှိရပါတယ်။ အဲဒီဆန္ဒတွေကို တကယ်တမ်းအကောင်အထည်ဖော်နိုင်ရင် ငြိမ်းချမ်းရေးရရှိဖို့မြန်ပါလိမ့်မယ်။ နှစ်ပေါင်း ၇၀ လောက်တိုက်ခဲ့ကြတယ်။ သံသယတွေ ချက်ချင်းကြီးပြေပျောက်ဖို့တော့ လွယ်မယ်မထင်ဘူး။ တိုင်းရင်းသားအဖွဲ့အစည်းတွေများပြီး လိုချင်တဲ့ဆန္ဒတွေက အသီးသီးရှိကြတော့ အစိုးရအနေနဲ့ ညှိရတာ မလွယ်ပါဘူး။ အချိန်ကြာနိုင်ပေမယ့် ငြိမ်းချမ်းရေးလိုချင်တဲ့ဆန္ဒတွေ အမှန်တကယ်ရှိနေမယ်ဆိုရင်တော့ ဒါကိုကျော်ဖြတ်နိုင်မှာပါ။ အားလုံးပါဝင်သင့်တယ်။ All inclusive ဆိုတဲ့ အမြင်အပေါ်မှာ မကွဲပြားကြဘူးလို့ ကျွန်တော်ထင်ပါတယ်။ တက်ခွင့်ရမယ်၊ တက်ခွင့်မရဘူးဆိုတဲ့အပေါ်မှာ စည်းကမ်းချက်တွေတော့ ရှိမှာပေါ့။ အခု ညီလာခံကိုမတက်တဲ့ အဖွဲ့သုံးဖွဲ့နဲ့ ပတ်သက်ပြီး အချုပ်အခြာအာဏာကိုထိပါးခဲ့တဲ့အဖွဲ့တွေဖြစ်တဲ့အတွက် သူတို့ကိုသီးခြားစဉ်းစားပါတယ်လို့ တပ်မတော်ဘက်ကရော၊ ငြိမ်းချမ်းရေးဆောင်ရွက်နေတဲ့ အဖွဲ့တွေဘက်ကပါ ပြောထားတာရှိပါတယ်။


လာရီဂျာဂန်


ဒေါက်တာအေးမောင်


ရဲဘော်သံခဲ

ဥပမာ -လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ပါတယ်ဆိုတဲ့ ကြေညာချက်လိုမျိုး ထုတ်ပေးရမယ်။ အဲဒီသုံးဖွဲ့ဘက်ကလည်း လက်နက်ကိုင်လမ်းစဉ်ဆိုတာထက် လက်နက်ကိုင်ပဋိပက္ခတွေကို အဆုံးသတ်ရေးအတွက် သူတို့မှာဆန္ဒရှိပါတယ်လို့ ကြေညာချက်ထုတ်ပေးနိုင်တယ်။ စကားလုံးပိုင်းမှာ ကွဲလွဲပါတယ်။ အဲဒီလို ကွဲလွဲမှုတွေအပေါ်မှာ နှစ်ဖက်စလုံးက မလျှော့နိုင်သေးတဲ့အချိန်မှာ အဖွဲ့တချို့တက်ခွင့်မရဘူးပေါ့လေ။ အခုလုပ်တဲ့ညီလာခံက တိုင်းရင်းသားတွေကို စုစည်းတဲ့ပွဲပါပဲ။ တကယ်တမ်းမှာ ဒီညီလာခံကနေ နိုင်ငံလုံးဆိုင်ရာ ဆွေးနွေးပွဲဟာမျိုးကို ရောက်အောင်လုပ်ရမှာပေါ့။ ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးပွဲပေါ့။ နောက်ပိုင်းလေးနက်တဲ့ဆွေးနွေးမှုတွေ ပြုလုပ်တဲ့ အစည်းအဝေးတွေကို အခုတက်ခွင့်မရခဲ့တဲ့အဖွဲ့တွေ တက်ရောက်ခွင့်ရှိပါသေးတယ်။

**ရဲဘော်သံခဲ**

**ဥက္ကဋ္ဌ**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)**

အခုကျင်းပနေတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံမှာ တိုင်းရင်းသားအဖွဲ့အစည်းတွေရဲ့ တင်ပြပုံပြောင်းလဲလာတာကို ကျွန်တော်သတိပြုမိပါတယ်။ အာဏာခွဲဝေရေးနဲ့ပဲဖြစ်ဖြစ်၊ တန်းတူရည်တူ သတ်မှတ်ရေးနဲ့ပဲဖြစ်ဖြစ် အရင်ထက်အများကြီး ပျော့ပျောင်းလာတာကို တွေ့ရပါတယ်။ ဒါတွေက အခုသွားနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကိုရောက်ရှိဖို့ ပိုမိုနီးကပ်လာပြီလို့ ကျွန်တော်ယုံကြည်ပါတယ်။ အခုညီလာခံက တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေအနေနဲ့ NCA ကို လက်မှတ်ထိုးထားသည်ဖြစ်စေ၊ မထိုးထားသည်ဖြစ်စေ တက်ရောက်ခွင့်ရှိပါတယ်။ ဒီညီလာခံက နိုင်ငံရေးဆွေးနွေးပွဲတွေ၊ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်နိုင်ဖို့အတွက် ကနဦးစလိုက်တဲ့ခြေလှမ်းဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ရှေ့ဆက်လျှောက်လှမ်းရမယ့် ခြေလှမ်းတွေကလည်း အများကြီးရှိနေပါသေးတယ်။ နောက်ထပ် အမျိုးသားအဆင့် နိုင်ငံရေးမူဘောင်ဆွေးနွေးမှုတွေ ရှိနေပါသေးတယ်။ ဆက်လက်ဆွေးနွေးစရာတွေရှိနေသေးသလို စိန်ခေါ်မှုတွေလည်း ရှိနေပါတယ်။ နံပါတ် (၁) အရေးကြီးဆုံးကတော့ NCA ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေ အားလုံးလက်မှတ်ရေးထိုးတာ မဟုတ်ပါဘူး။ NCA ကို ယုံယုံကြည်ကြည်နဲ့ ဘယ်လိုပူးပေါင်းပါဝင်မလဲဆိုတာကသာ စိန်ခေါ်မှုဖြစ်ပါတယ်။ နံပါတ် (၂) ကတော့ အခုညီလာခံက All inclusive မဖြစ်သေးဘဲ နောက်ထပ်အဖွဲ့တွေ ကျန်ရှိနေပါသေးတယ်။ အစုအဖွဲ့တစ်ခုက သူတို့ရဲ့ဆန္ဒကိုတင်ပြပိုင်ခွင့်ရှိပေမယ့် အားလုံးလက်ခံချင်မှ လက်ခံပါမယ်။ အဖွဲ့အစည်းတိုင်းက သူတို့ရဲ့လိုလားချက်ကို တင်ပြပိုင်ခွင့်ရှိပေမယ့် အတင်းအကျပ်လက်ခံခိုင်းလို့ မရပါဘူး။တောင်းဆိုချက်တွေကို ညှိနှိုင်းယူရမှာဖြစ်ပါတယ်။

**ဒေါက်တာအေးမောင်**

**ဥက္ကဋ္ဌ**
**ရခိုင်အမျိုးသားပါတီ**

ကျွန်တော်တို့သွားတာက လူမျိုးကိုအခြေခံတဲ့စနစ်။ မြန်မာနိုင်ငံမှာ လူမျိုးနွယ်စုကြီး ရှစ်ခုရှိတာပါ။ အဲဒီရှစ်မျိုးနွယ်စုမှာ ဗမာက အကြီးမားဆုံးမျိုးနွယ်စုဖြစ်ပါတယ်။ သူက တိုင်းဒေသကြီးခုနစ်ခုယူထားတယ်။ ဗမာတွေလည်း တခြား တိုင်းရင်းသားတွေလို တစ်ခုတည်းသော ပြည်နယ်ကိုယူသင့်တယ်။ လူမျိုးစုကြီးတွေမှာ စာပေ၊ သမိုင်းကြောင်းနဲ့ ယဉ်ကျေးမှုရှိမယ်။ ပြည်နယ်အသစ်တွေလည်း ပေါ်ထွန်းလာမယ်။ အဲဒါကြောင့် ကျွန်တော်က ပုံသေ ရှစ်ပြည်နယ်ဆိုတာကို တရားသေမကိုင်ထားဘူး။ အဓိကကတော့အမျိုးသားပြည်နယ်တွေနဲ့ တည်ဆောက်ထားတဲ့ ပြည်ထောင်စုကို တည်ဆောက်မယ်။ မွန်သည်လည်းကောင်း၊ ရခိုင်သည်လည်းကောင်း သီးသန့် ပြည်နယ်ယူနိုင်တယ်။ ဗမာသည်လည်း ပြည်နယ်ဆိုရင် ဗမာတွေကို ဘယ်လိုပြည်နယ်တွေပေးရင်ကောင်းမလဲ။ ကျန်တဲ့ တိုင်းရင်းသားများစွာနေတဲ့ဒေသတွေကိုရော ဘယ်လိုပေးမလဲ။ ဒါလေးတွေကတော့ ဆွေးနွေးကြရမယ့် အကြောင်းအရာတွေဖြစ်တယ်။ အဓိကကတော့ လူမျိုးကိုအခြေခံတဲ့ ပြည်နယ်များနဲ့ဖွဲ့စည်းတဲ့ ပြည်ထောင်စုဆိုတာကို ကျွန်တော်တို့ဘက်ကလိုလားတယ်။

❖ **ရှေ့ဖုံးမှ**

အစည်းအဝေးသဘာပတိများအဖြစ် နိုင်ငံရေးပါတီကိုယ်စားလှယ် ဦးသုဝေ၊ အစိုးရကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တပ်မတော်ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းကိုယ်စားလှယ် ဦးဘောင်ခေးနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုန်းခါးနော်ဆမ်တို့က ဆောင်ရွက်ကြသည်။

သဘာပတိအဖွဲ့ဝင် နိုင်ငံရေးပါတီကိုယ်စားလှယ် ဦးသုဝေက မိမိတို့ကြမ္မာ မိမိတို့ကိုယ်တိုင် ဖန်တီးဆုံးဖြတ်ခွင့် အာဏာခွဲဝေပြီး ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ကြရန် မိမိတို့အားလုံးက မျှော်မှန်းသဘောတူညီကြပါကြောင်း၊ အဆိုပါမျှော်မှန်းချက်ကို လျှောက်လှမ်းသည့် လမ်းကြောင်းတွင် ကွဲပြားမှုများ ရှိပါကြောင်း၊ ထိုသို့ဖြစ်ရသည်မှာလည်း မိမိတို့၏ ရပ်တည်ချက်နှင့် တွေးခေါ်မှုခြားနားသည့်အတွက်ကြောင့် ဖြစ်ပါကြောင်း၊ မျှော်မှန်းချက်ပန်းတိုင်တူညီသည့်အတွက် ယခုလမ်းကြောင်းကို စိတ်ရှည်သည်းခံ၍ နားလည်မှုရှိရှိ ဆွေးနွေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ဝိုင်းဝန်းလုပ်ဆောင်ကြမည်**

ပြည်သူများနှင့် ညီလာခံသို့ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့နိုင်ငံကို သုခဘုံတည်ဆောက်နိုင်ရန် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ငြိမ်းချမ်းသာယာ၍ ဖွံ့ဖြိုးတိုးတက်အောင် အားလုံးကဝိုင်းဝန်းလုပ်ဆောင်ကြမည်ကို ယုံမှားသံသယမရှိပါကြောင်း ပြောကြားသည်။

တတိယနေ့နံနက်ပိုင်း အစည်းအဝေးတွင် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များက သဘောထားအမြင်များကို တင်ပြကြသည်။

တပ်မတော်မှ ဗိုလ်မှူးကြီး မင်းဦးက မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံအနေဖြင့် သွေးစည်းညီညွတ်မှုကို ဦးစားပေးတည်ဆောက်နိုင်ပါမှ ကမ္ဘာ့အလယ်တွင် ဂုဏ်ရှိစွာဖြင့် အဓွန့်ရှည် ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်သူ အစိုးရအတွက် လုပ်ပိုင်ခွင့်အာဏာရှိမှသာ လူအများကို ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း၊ သို့မှသာ အခြားအဖွဲ့အစည်းများ၏ ဩဇာအာဏာသက်ရောက်မှုမှ လွတ်ကင်း၍ အချုပ်အခြာအာဏာ တည်တံ့နိုင်မည်ဖြစ်ပါကြောင်း။

**ပြည်ထောင်စုတပ်မတော်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တပ်မတော်တစ်ရပ်သာရှိပါကြောင်း၊ မိမိတို့ တပ်မတော်သည် ပြည်သူထဲမှ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်ပြီး တိုင်းရင်းသားပေါင်းစုံပါဝင်သော တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော်ဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြား၍ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်မည့်မည်သည့်တိုင်းရင်းသားမဆို စစ်မှုထမ်း စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တစ်ဦးချင်းဆန္ဒအရ ပါဝင်ဆောင်ရွက်ခြင်းကို အမြဲကြိုဆိုလျက်ရှိပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်သစ်ပါတီ(NMSP)မှ နိုင်ဟံသာက ဖက်ဒရယ်ပြည်ထောင်စု၏ အမည်ကို ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုမြန်မာနိုင်ငံဟု ခေါ်ဆိုရာတွင် မြန်မာနိုင်ငံ၊ ဗမာနိုင်ငံ၊ အင်္ဂလိပ်ဘာသာစကားဖြင့် ဘားမား (သို့မဟုတ်) မြန်မာဟူ၍ ခေါ်ဆိုခြင်းသည် ပြည်ထောင်စုနိုင်ငံအတွင်း နေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားလူမျိုးများအနက် လူမျိုးတစ်မျိုးဖြစ်သည့် ဗမာအမျိုးသားများကိုသာ ရည်ညွှန်းနေပါကြောင်း၊ စစ်မှန်သော ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရာတွင် နိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးများ၏ တန်းတူညီမျှမှုကို ဖော်ဆောင်နိုင်ရန် တိုင်းရင်းသားလူမျိုးများအား ကိုယ်စားပြုနိုင်မည့် အမည်နာမအသစ်တစ်ခုကို ဆွေးနွေးသတ်မှတ်သင့်ပါကြောင်း။

**ဥပဒေပြုအာဏာ ညီတူညီမျှ**

ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုလွှတ်တော်ကို အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ဟူသည့် လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းရမည် ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ဥပဒေပြုအာဏာ ညီတူညီမျှရှိရမည်ဖြစ်ပါကြောင်း၊ အဆိုပြုလာသော ဥပဒေတစ်ရပ်ရပ်ကို လွှတ်တော်တစ်ရပ်စီမှ လွတ်လပ်စွာ သီးခြားမဲပေးဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းနှင့်အညီ ကျင်းပရမည်ဖြစ်ပါကြောင်း၊ မဲပေးဆုံးဖြတ်ရန် လိုအပ်ပါက အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ထက်ဝက်ကျော် ဆန္ဒမဲရှိရမည်ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့သည် ဥပဒေပြုရေးတွင် အထောက်အကူပြုမည့် လိုအပ်သောကော်မတီများကို လွှတ်တော်ကိုယ်စားလှယ်များအတွင်းမှ ဖွဲ့စည်းပြီး လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ လွှတ်တော်တစ်ရပ်ရပ်က အတည်ပြုပြီးသော ဥပဒေကြမ်းတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အခြားလွှတ်တော်မှ အတည်ပြုနိုင်ခြင်းမရှိပါက လွှတ်တော်နှစ်ရပ်မှ ကိုယ်စားလှယ်များဖြင့် ပူးတွဲညှိနှိုင်းရေးဆွဲရေးကော်မတီကို ဖွဲ့စည်းညှိနှိုင်းအဖြေရှာရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**အားလုံးပါဝင်နိုင်ရေးမူ**

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီမှ ဦးထွန်းနိုင်က ကိုးကန့်ဒေသတွင် စစ်ဘေးစစ်ဒဏ်များ၏ အကျိုးဆက်ကို ယနေ့ထိ ခံစားနေရပါကြောင်း၊ ရေငတ်နေသူကဲ့သို့ ကိုးကန့်တိုင်းရင်းသားများသည် ငြိမ်းချမ်းရေးကို အထူးလိုလားလျက်ရှိနေကြပါကြောင်း၊ တောင်ပေါ်ဒေသနေ တိုင်းရင်းသားများ၏ အကျိုးစီးပွားအပြင် မြေပြန့်ဒေသနေ ဗမာတိုင်းရင်းသား ညီအစ်ကိုများ၏ အကျိုးများကို အလေးထားဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း၊ ဥပမာအားဖြင့် အခြေခံလူတန်းစားများ၏အကျိုးကို လျစ်လျူရှုမိသဖြင့် ၈၈ အရေးအခင်းမျိုး ထပ်မံဖြစ်ပွားပါက လက်ရှိဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်လာနိုင်ပါကြောင်း၊ ထို့ပြင် လက်ရှိဖော်ဆောင်နေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ ရည်ရွယ်ချက်တွင် အားလုံးပါဝင်နိုင်ရေးမူအရ နောင်ကျင်းပမည့် အစည်းအဝေးတွင် ကျန်အဖွဲ့(၃)ဖွဲ့ဖြစ်သည့် ရခိုင်၊ တအာင်း၊ ကိုးကန့်တို့ပါဝင်လာစေရေးအတွက် ဆန္ဒပြုလိုပါကြောင်း ဆွေးနွေးသည်။

တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဦးက ငြိမ်းချမ်းရေးလုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးအာမခံချက်များနှင့် ကြိုတင်သတ်မှတ်ချက်များကို အလွန်အကျွံ တောင်းဆိုနေခြင်း၊ တရားမဝင်ရယူထားသည့် အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု၊ စီးပွားရေးအခွင့်အလမ်းများကို တရားဝင်အသိအမှတ်ပြုရန် တောင်းဆိုနေခြင်းများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အဓိကနှောင့်နှေးကြန့်ကြာမှုတစ်ခု ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများအနေဖြင့် မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ လမ်းဖွင့်ပေးထားသည့် နိုင်ငံရေးလမ်းကြောင်းနှင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း မှန်ကန်စွာ လျှောက်လှမ်းသွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**တန်းတူရည်တူအခွင့်အရေး**

ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)မှ ခူဦးရယ်က မတူကွဲပြားသော တိုင်းရင်းသားမျိုးစုံနေထိုင်ကြသည့် မြို့နယ်များတွင် ဝိုင်းကြီးချုပ်စနစ်ကို ကျင့်သုံးသင့်ပါကြောင်း၊ ပြည်နယ်များသည် တစ်ခုနှင့်တစ်ခု တန်းတူရည်တူအခွင့်အရေး ရရှိမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ကြံ့ခိုင်စွာ လည်ပတ်နိုင်ရေးအတွက် ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များအတွင်း အာဏာရှင်စနစ်မပေါ်ထွန်းလာစေရန် အခွင့်အာဏာကို အလွဲသုံးစားမှု မပြုလုပ်စေရန်အတွက် စောင့်ကြည့်ထောက်ပြဝေဖန်သော လူထု၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်း၊ အရေးကြီးသည်ဟု ပြည်နယ်လွှတ်တော်က ဆုံးဖြတ်သည့်ကိစ္စရပ်များတွင် ပြည်သူ့ဆန္ဒခံယူပွဲများဖြင့် တိုက်ရိုက်ဒီမိုကရေစီကို ကျင့်သုံးခြင်း၊ ပြည်ထောင်စုအာဏာကို နိုင်ငံခြားရေး၊ ငွေစက္ကူထုတ်လုပ်ရေး၊ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ ပြည်ထောင်စုတရားရေးကဏ္ဍ၊ လူမှုဖူလုံရေး၊ စက်မှုလက်မှုလုပ်ငန်း စသည်တို့တွင် ထားရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တိုင်းလိုင်(ရှမ်းနီ) အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ စိုင်းငွေအောင်က သမိုင်းအစဉ်အဆက်က ဓားမဦးချ နေထိုင်လာခဲ့ကြသည့် ရှမ်းနီလူမျိုးများသည် မိမိကြမ္မာ မိမိဖန်တီးရန်အတွက် ၁၉၇၂ ခုနှစ်တွင် မြေလတ်ရှမ်းပြည်နယ် (ခေါ်) ရှမ်းနီပြည်နယ် ရရှိရန် တောင်းဆိုခဲ့ပါကြောင်း၊ ယခုလည်း ရှမ်းနီလူမျိုးများနေထိုင်ရာ ဒေသများဖြစ်သည့် မြစ်ကြီးနား၊ မိုးညှင်း၊ ဗန်းမော်၊ ခန္တီး၊ တမူး၊ ကလေး၊ မော်လိုက်၊ ကသာ စသည့် ခရိုင်များကို စုပေါင်းပြီး ရှမ်းနီပြည်နယ် သတ်မှတ်ပေးရန် တင်ပြလိုပါကြောင်း၊ မိမိတို့ ရှမ်းနီပါတီအနေဖြင့် ငြိမ်းချမ်းရေး၊ တန်းတူရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်နိုင်ငံလုံးအနေဖြင့် တန်းတူညီတူ ရရှိခံစားစေလိုပါကြောင်း၊ ဖက်ဒရယ်စနစ်ကို ကျင့်သုံးကြသည့် နိုင်ငံများကို လေ့လာသည့်အခါတွင် နိုင်ငံသားများ၊ လူမျိုးစုများကို ဥပဒေဖြင့် အကာအကွယ်ပေးထားသည့်အပြင် ပြည်နယ်ရသင့်ရထိုက်သော လူမျိုးစုများအတွက် ပြည်နယ်သစ်များမူဘောင် ထည့်သွင်းပြဋ္ဌာန်းထားကြသည်ကို တွေ့ရှိရပါကြောင်း။

**တရားဝင်သတ်မှတ်ပေးရန်**

ထို့ကြောင့် တိုင်းလိုင်ပါတီအနေဖြင့် အနာဂတ်ဖက်ဒရယ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုထူထောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်လည်ရေးဆွဲခြင်း၊ ပြည်နယ်သစ်များမူဘောင်ကို ထည့်သွင်းရေးဆွဲပြဋ္ဌာန်းခြင်းနှင့် လူမျိုး ၁၃၅ မျိုးကို ပြန်လည်သုံးသပ်ပြီး မိမိတို့ရှမ်းနီလူမျိုးအမည်ကို နိုင်ငံတော်က တရားဝင်သတ်မှတ်ပေးရန် တောင်းဆိုတိုက်တွန်းပါကြောင်း ဆွေးနွေးသည်။

တပ်မတော်မှ ဗိုလ်မှူးကြီး ဇော်ဝင်းမြင့်က DDR/SSR လုပ်ငန်းစဉ်ကို အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေးညီလာခံများကို ၃ နှစ်မှ ၅ နှစ်အတွင်း ပြီးပြတ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးပြီးနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်ရာတွင် NCA စာချုပ်ပါ အချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀ အရ နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများသည် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရဆိုသည့်အချက်ကို တိကျစွာလိုက်နာရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ရာတွင် တပ်မတော်ကို မဏ္ဍိုင်ပြုပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ထပ်တူဥပဒေပြုပိုင်ခွင့်**

ကချင်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ (KIO)မှ ဦးဆင်ဝါးက ပြည်ထောင်စုနှင့် ပြည်နယ်များတွင် အမျိုးသားလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်အသီးသီးတို့သည် မိမိတို့လွှတ်တော်တစ်ခုချင်းစီအလိုက် ဥပဒေပြုပိုင်ခွင့်အာဏာ ရှိစေရမည်ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအတွင်း ရောင်းဝယ်ခွန်၊ စီးပွားရေးလုပ်ငန်းခွန်၊ အမြတ်ခွန်၊ ယစ်မျိုးခွန် အပါအဝင် အကောက်အခွန်ဆိုင်ရာ ကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ၊ ဖွားသေစာရင်းမှတ်ပုံတင်ခြင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်း၌ ကျရောက်သည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု၏ စွမ်းအင်စီမံကိန်းလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်ခုအတွင်း မြေပေါ်မြေအောက် သယံဇာတတူးဖော်ထုတ်လုပ်ရောင်းချခြင်း၊ နိုင်ငံခြားအစိုးရများနှင့် ကုမ္ပဏီများမှ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များသို့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ဒေသဆိုင်ရာ ရေဒီယိုနှင့် ရုပ်မြင်သံကြား လုပ်ငန်းများ၊ ဘဏ်နှင့်အာမခံလုပ်ငန်းများ၊ နေအိမ်၊ ဥပစာ၊ မြေယာ၊ ဖွားသေစာရင်းမှတ်ပုံတင်ခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ တက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်း ပညာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်နယ်မှတစ်နယ်သို့ ဖြတ်သန်းစီးဆင်းလျက်ရှိသော မြစ်များနှင့် ကမ်းရိုးတန်းဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များ၊ မီးရထား၊ သင်္ဘော၊ လေယာဉ်ပျံ၊ ဒုက္ခသည်ရေးရာနှင့် နိုင်ငံရေးခိုလှုံခွင့်၊ ရာဇဝတ်မှုဥပဒေနှင့် တရားမကျင့်ထုံးဥပဒေများ၊ ပြည်ထောင်စုပြည်သူ့ဝန်ထမ်းလေ့ကျင့်ရေးသင်တန်းများ၊ အလုပ်သမားဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ ကုန်သွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ ထပ်တူဥပဒေပြုအာဏာများတွင် ပြည်နယ်မှ လုပ်ဆောင်နိုင်သည့်အချိန်တွင် ပြည်နယ်များမှ ပြန်လည်ရယူပိုင်ခွင့်ရှိရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးလနန်ဘောက်က တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်းပြီး ခံယူချက် သဘောထား(၄)ရပ် ချမှတ်ကာ လက်တွေ့ကျင့်သုံးလျက်ရှိပါကြောင်း၊ ၎င်းတို့မှာ တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး၊ ဒီမိုကရေစီရေး၊ လူမှုစီးပွားဖွံ့ဖြိုးရေးနှင့်အတူယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများ ထိန်းသိမ်းထွန်းကားရေးတို့အတွက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေး၊ လူဦးရေအနည်းအများ၊ နယ်မြေအကျယ်အဝန်းမည်သည့်အကြောင်းနှင့်မျှ ကွဲပြားခြားနားမှုမရှိဘဲ လူမျိုးစုများအား လူမျိုးတစ်မျိုးအနေဖြင့် ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေးနှင့် တိုင်းရင်းသားလူမျိုးများအတွင်း ညီညာသော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေးတို့ဖြစ်ပါကြောင်း၊ မူသဘောထားလေးရပ်သည် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်ပြီး အဆိုပါအချက်များပါဝင်အောင် ညှိနှိုင်းရေးဆွဲကြမည်ဟု ယုံကြည်ပါကြောင်း၊ ယခုအခြေခံမူသဘောထားများသည် တိုင်းရင်းသားများ မျှော်မှန်းနေသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အခြေခံသော ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် တင်ပြခဲ့သည့် သဘောထားများနှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ပါဝင်သင့်ပါဝင်ထိုက်သူများမှ ဦးမင်းဇင်က နိုင်ငံရေးအရပြောရလျှင် ပြည်ထောင်စုကို မည်သည့်မျှော်မှန်းချက်အမြင် Vision မျိုးနှင့် တည်ဆောက်မည်ဆိုသည်ကို ဆွေးနွေးမှုစတင်ကြရမည် ဖြစ်ပါကြောင်း၊ ဘုံသဘောတူညီနိုင်သည့်ကိစ္စအနေဖြင့် ယခုညီလာခံသည် ပဋိပက္ခဖြေရှင်းရင်းနှင့် ပြည်ထောင်စုသစ်ကို ပဋိညာဉ်တစ်ရပ်ရေးဆွဲပြီး တည်ဆောက်ရန်အတွက် ဆွေးနွေးညှိနှိုင်းရေး လမ်းကြောင်းပေါ်မှ ညီလာခံဖြစ်ပါကြောင်း၊ ပဋိညာဉ်ကို လွတ်လပ်မှု၊ တရား မျှတမှု၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးတို့အပေါ် အခြေခံရေးဆွဲရန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုဆိုင်ရာ မျှော်မှန်းချက်အမြင်သည် ရည်မှန်းချက်နှစ်ရပ်ကို ဖြည့်ဆည်းရမည်ဖြစ်ပါကြောင်း၊ တစ်ခုမှာ နိုင်ငံတော်တည်ဆောက်ရေးဖြစ်ပြီး နောက်တစ်ခုမှာ ပြည်ထောင်စုလက္ခဏာ တည်ဆောက်ခြင်းဖြစ်ပါကြောင်း။

**အလေးအမြတ်ပြုရမည်**

ပါဝင်သင့် ပါဝင်ထိုက်သူများအနေဖြင့် လက်ရှိအခြေအနေတွင် အယူအဆတစ်ခုခု ထောက်ခံတင်ပြခြင်းထက် အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားခေါင်းဆောင် အသီးသီးနှင့်

**စာမျက်နှာ ၉ သို့** ❂


နိုင်ဟံသာ


ဒုတိယဗိုလ်မှူးကြီးဇော်ဦး


စိုင်းငွေအောင်


ဦးဆင်ဝါး

# ပြည်တွင်းရေးရာ

❂ **စာမျက်နှာ ၈ မှ**

၎င်းတို့၏သက်ဆိုင်ရာပြည်သူများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ဆွေးနွေးညှိနှိုင်း အလျှော့အတင်းလုပ်သည်ကို အလေးအမြတ်ပြုရမည်ဖြစ်ပါကြောင်း၊ ထိုဆွေးနွေးချက်များ၏ ဖြစ်နိုင်ခြေရှိသည့်အကျိုးအပြစ်များကို လူမှုရေးသိပ္ပံ၏ ရှာဖွေတွေ့ရှိချက်များ၊ နိုင်ငံတကာအတွေ့အကြုံသင်ခန်းစာများ၊ ပြည်တွင်းသမိုင်းနောက်ခံ၊ နိုင်ငံရေးဓလေ့၊ နိုင်ငံရေးအာဏာ ချိန်ခွင်လျှာမညီသည့် ပကတိအရှိတရား၊ ပထဝီနိုင်ငံရေး စသည်တို့အပေါ် မူတည်ပြီး တင်ပြသွားရန်နှင့် အကြံပြုပေးခြင်းကို လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### ရုပ်လုံးဖော်ပေးကြမည်

ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ စဝ်ခွန်ဆိုင်းက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံသည် ၁၉၄၇ ခုနှစ် ပင်လုံကဲ့သို့ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်မှုကို ထပ်တူပြန်လည်ဖော်ဆောင်နိုင်မည်ဟု အလေးအနက်မျှော်လင့်ပါကြောင်း၊ ပြည်ထောင်စုဆိုပါက ဆရာကြီးသခင်ကိုယ်တော်မှိုင်းပြောကြားခဲ့သည့် လွတ်လပ်သည့် ပြည်ထောင်များစုပေါင်းထားခြင်းကိုဆိုလိုပါကြောင်း၊ ပြည်နယ်အချင်းချင်း တန်းတူအခွင့်အရေးရရှိရမည်ဖြစ်ပါကြောင်း၊ တန်းတူရေးအတွက် အလိုအပ်ဆုံးပြင်ဆင်ရမည့် ဗမာပြည်နယ်တစ်ခုအဖြစ် ပြန်လည်ဖွဲ့စည်းရမည်ဖြစ်ပါကြောင်း၊ တန်းတူသည့် ပြည်နယ်များစုပေါင်းမှသာ ပြည်ထောင်စုစစ်မှန်မည်ဖြစ်ပါကြောင်း၊ ဗမာများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဥပဒေပညာရှင်များ၊ မျိုးဆက်သစ်လူငယ်များ ၊ အမျိုးသမီးများနှင့် အခန်းကဏ္ဍအသီးသီးမှ ပြည်သူများက ရုပ်လုံးဖော်ပေးကြမည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးသည်။

### မှောင်ခိုလုပ်ငန်းထွန်းကား

ဒီမိုကရက်တစ်ပါတီမှ ဒေါ်ချိုချိုကျော်ငြိမ်းက ငြိမ်းချမ်းရေး ပျောက်ကွယ်ပါက နိုင်ငံ၏စီးပွားရေးသည်လည်း ချွတ်ခြုံကြသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုများ သယ်ယူပို့ဆောင်မှု၊ ဖြန့်ဖြူးမှု၊ ရောင်းဝယ်မှုတို့ကို ပုံမှန်အတိုင်းမလုပ်နိုင်ပါကြောင်း၊ တိုင်းပြည်၏ သယံဇာတပစ္စည်းများ တိုင်းပြည်အတွက် အသုံးမပြုနိုင်ဘဲ မှောင်ခိုလုပ်ငန်းထွန်းကားလာပါကြောင်း၊ ပြည်သူများ အဆင်မပြေဒုက္ခရောက်ကြရပါကြောင်း၊ မည်သူမျှ တိုင်းပြည်ကိုအားမကိုးပါကြောင်း၊ တိုင်းပြည်တွင် မှုခင်းများပေါများလာပါကြောင်း၊ လူများ၏ စာရိတ္တချို့ယွင်းလာပါကြောင်း၊ မည်မျှအထိချို့ယွင်းပြီး အခြေအနေဆိုးသွားသလဲဆိုလျှင် မြန်မာနိုင်ငံသည် ကမ္ဘာ့အဆင့် ဖွံ့ဖြိုးမှုအနည်းဆုံးစာရင်းဝင်နိုင်ငံဖြစ်သွားပါကြောင်း၊ ယခုငြိမ်းချမ်းရေးကို အဖြေရှာသည့်နေရာတွင် အကြောင်းအချက်များကို ဖြေရှင်းရမည်ဖြစ်ပြီး စီးပွားရေးတိုးတက်အောင်လုပ်ခြင်းသည်လည်း အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်ဟု မိမိထင်မြင်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးကိုအဖြေရှာရန်မှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အဓိကအာရုံစိုက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။



ဦးမင်းဇင်



ဒေါ်ချိုချိုကျော်ငြိမ်း



ဦးထွန်းဇော်



နန့်ခင်အေးဦး

### ဘိုးဘွားပိုင်မြေယာ

တိုင်းရင်းသားကိုယ်စားလှယ် မာတီးယာက ငြိမ်းချမ်းရေးလုပ်ငန်းဖော်ဆောင်နေစဉ်ကာလ တိုင်းရင်းသားလူမျိုးစုငယ်များနေထိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီးတွင် ဆောင်ရွက်လိုသည့် အကြံပြုချက်များကို တင်ပြလိုပါကြောင်း၊ ယင်းတို့မှာ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ပေးခြင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုလွတ်လပ်ခွင့်ကို မြှင့်တင်ခွင့်နှင့် အထောက်အပံ့ရယူခွင့် ဖန်တီးပေးခြင်း၊ အခြေခံကျန်းမာရေးစောင့်ရှောက်မှု (အရည်အသွေးပြည့်မီသော အဆောက်အအုံ၊ ဆေးဝါးများနှင့် ဆေးကိရိယာများ၊ ကျန်းမာရေးဝန်ထမ်းများ လုံလောက်စွာရရှိရေးဆောင်ရွက်ပေးခြင်း)၊ တိုင်းရင်းသားလူမျိုးစုငယ်များ ယဉ်ကျေးမှုအနုပညာနှင့် လက်မှုပညာများဖော်ထုတ်မြှင့်တင်ပေးရန်၊ ရိုးရာဓလေ့အရ ဘိုးဘွားပိုင်မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုပေးခြင်း၊ မူးယစ်ဆေးဝါးစွဲလမ်းသူများ ပြန်လည်ထူထောင်ရေး(ဆေးစွဲသူများပြုပြင်ပြောင်းလဲပေးသည့် ကျောင်း သို့မဟုတ် ဌာနထားရှိပေးရန်)၊ အမျိုးသမီး၊ ကလေးငယ်များအပေါ် ဖိနှိပ်မှု၊ အကြမ်းဖက်မှုနှင့် အခွင့်အရေးချိုးဖောက်မှုများအား ထိရောက်စွာ အပြစ်ပေးအရေးယူရန်၊ ဌာနေတိုင်းရင်းသားကို ဦးစားပေးသည့် အလုပ်အကိုင်အခွင့်အလမ်းစနစ်တစ်ခု ဖန်တီးပေးရန်၊ စနစ်ကျသော အရေးပေါ်ကယ်ဆယ်ရေးအစုအဖွဲ့ စုဖွဲ့ထားရှိရန်တို့ဖြစ်ပါကြောင်း ဆွေးနွေးသည်။

### လိုလားသောဆန္ဒ

ရခိုင်အမျိုးသားကောင်စီ (ANC)မှ ဦးထွန်းဇော်က လွတ်လပ်ရေးနှင့် တိုင်းရင်းသားတို့ တန်းတူအခွင့်အရေး၊ လွတ်လပ်ခွင့်တို့သည် ပြင်းထန်လာပြီး ပြည်တွင်းစစ်မီး တောက်လောင်ခဲ့ရပါကြောင်း၊ ပြည်တွင်းစစ်နှင့်အတူ တပ်သည် ဩဇာကြီးမားလာပြီး စစ်တပ်က စစ်အာဏာရှင်စနစ်တည်ဆောက်ရန် ကြိုးပမ်းလာခဲ့ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများသည် မိမိတို့လိုလားသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်ဖန်တီးခွင့် တန်းတူရေး၊ ဒီမိုကရေစီအရေးတို့ကို အခြေခံသော ဖက်ဒရယ်စနစ်ရရှိရန် လက်နက်စွဲကိုင်တော်လှန်ခဲ့ကြပါကြောင်း၊ အာဏာရှင်ခေတ်အဆက်ဆက်အစိုးရတို့သည် တိုင်းရင်းသားတို့ လိုလားသောဆန္ဒကို ဖြိုဖျက်ရန်ကြိုးစားပြီး နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် မလုပ်ဆောင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများသည် မိမိတို့မွေးရာပါ အခွင့်အရေးရရှိရန်အတွက် လက်နက်ကိုင်တိုက်ပွဲဝင်နေရခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

### အထောက်အကူပြု

ကရင်ပြည်သူ့ပါတီမှ နန့်ခင်အေးဦးက လက်ရှိမြန်မာနိုင်ငံတွင် တိုင်းရင်းသားများ၏ပြဿနာများကို နိုင်ငံရေးအရ မဖြေရှင်းနိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားများ၏ အကြောင်းအချက်များသည်လည်း မပါမဖြစ်လိုအပ်သည်ဟု မိမိထင်ပါကြောင်း၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားများ၏ အခြေအနေဆိုးရွားခဲ့ပါကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်းရှိ လူမျိုးစုများကရွေးချယ်သည့် ပြည်နယ်အစိုးရအဖွဲ့ကို ဥပဒေပြုရေးအာဏာ၊ တရားဥပဒေစိုးမိုးရေးအာဏာ၊ ပြည်နယ်ဥပဒေထုတ်ပြန်ရေးအာဏာများကို ခွဲဝေပေးသင့်ပါကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်း သယံဇာတတူးဖော်မှုမှ ရရှိသည့် အကျိုးအမြတ်များကို ခွဲဝေပေးသင့်ပါကြောင်း၊ လယ်ယာကိုင်းကျွန်းလုပ်ငန်းကို အဓိကထားလုပ်ဆောင်သည့် ပြည်နယ်တစ်ခုအဖြစ် မိမိတို့ အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးမှ တိုင်းပြည်ဖွံ့ဖြိုးလာမည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုကြောင့် ငြိမ်းချမ်းရေးကိုလည်း အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် နံနက်ပိုင်းအစည်းအဝေးအစီအစဉ်များကို ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

## စုံညီခုံရုံးက ရွေးကောက်ပွဲအယူခံမှုအမှတ် (၁၂)နှင့် (၁၃)တို့ကို စက်တင်ဘာ ၁၉ ရက်တွင် အပြီးသတ်အမိန့်ချမှတ်မည်

**နေပြည်တော် စက်တင်ဘာ ၂**

ကချင်ပြည်နယ် ဆော့လော်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးဇောင်းခေါင် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) က ကချင်ပြည်နယ် ဆော့လော်မြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလာမာလေး [လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ)] အပေါ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေးစေခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးရယ်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က လျှောက်ထားခံရသူ ဦးလာမာလေးအား ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်လျက်ရှိကြောင်းဆုံးဖြတ်ပြီး လျှောက်ထားသူ၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွပယ်ကြောင်း ဆုံးဖြတ်ချက် (အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် လျှောက်ထားသူ ဦးဇောင်းခေါင်က ကျေနပ်မှုမရှိသဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၃ ရက်တွင် အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၂/၂၀၁၆)ဖြင့် လက်ခံခဲ့ပြီးဖြစ်သည်။

ယင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် စုံညီခုံရုံးရှေ့မှောက်တွင် အယူခံမှုအမှတ် (၁၂/၂၀၁၆) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝေဖြိုး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့် [တိုင်းလိုင်(ရှမ်းနီ)အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ]အပေါ် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင် ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလက်ခံခဲ့ပြီး ရွေးကောက်ပွဲခုံအဖွဲ့ဖြင့် ကြားနာစစ်ဆေးစေခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၄) က လျှောက်ထားခံရသူ ဦးသန်းညွန့်အား ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ခြင်းမရှိ အတည်ဖြစ်လျက်ရှိကြောင်းဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးဝေဖြိုး၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွပယ်ကြောင်း ဆုံးဖြတ်ချက် (အမိန့်) ချမှတ်ခဲ့ခြင်းအပေါ် လျှောက်ထားသူ ဦးဝေဖြိုးက ကျေနပ်မှုမရှိသဖြင့် ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၉၉ အရ အယူခံမှုလျှောက်ထားတင်ပြလာရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အယူခံမှုအမှတ် (၁၃/၂၀၁၆) ဖြင့် လက်ခံခဲ့ပြီးဖြစ်သည်။

၎င်းကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် စုံညီခုံရုံးရှေ့မှောက်တွင် အယူခံမှုအမှတ် (၁၃/၂၀၁၆) ကို ၂၀၁၆ ခုနှစ် စက်တင်ဘာ ၂ ရက်( သောကြာနေ့ )တွင် နှစ်ဖက်လျှောက်လဲချက်များနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ရုံးတော်သဟာယ၏ ဥပဒေအကြံဉာဏ်ပေးချက်များကို ကြားနာပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက် (တနင်္လာနေ့)တွင် ယင်းအယူခံမှုအတွက် အပြီးသတ်အမိန့်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမှတ်စဉ် (၁/၂၀၁၆) အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၆)ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနခန်းမ၌ကျင်းပရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းက မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများနှင့် ရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ဝင်းသိန်းက အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး လုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ သတင်းပို့ချက်များကို Online Reporting စနစ်နှင့် Website တည်ထောင်ရန် စီမံဆောင်ရွက်ထားမှု၊ FATF ၏ Public Statement မှ လွတ်မြောက်မှု၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေအရ အမှုစစ်ဆေးမှု၊ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံသို့ လာရောက်စစ်ဆေးမည့် APG၏ အပြန်အလှန် အကဲဖြတ်ရေးအဖွဲ့မှ စစ်ဆေးခံနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အဖွဲ့ဝင် ၁၄ ဦး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ ခြောက်ဦး၊ အထူးဖိတ်ကြားထားသူ ရှစ်ဦး စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့အစည်းအဝေး မွန်းလွဲပိုင်းအစီအစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့ အစည်းအဝေး မွန်းလွဲပိုင်းအစီအစဉ်များကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ဆက်လက်ကျင်းပသည်။

တပ်မတော်မှဗိုလ်မှူးထိပ်တင်ချို့က IDP (ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူ)များဆိုင်ရာ ချမှတ်သင့်သည့် မူဝါဒများမှာ အလျှုရှင်များအနေဖြင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးရေးကို အကြောင်းပြု၍ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးစွက်ဖက်မှုမရှိစေရန်၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ခဲ့စေရန်၊ ဘက်လိုက်မှု၊ ခွဲခြားမှုမရှိစေရန်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု တာဝန်ခံမှုရှိရန်၊ IDPs အရေအတွက်များ တဖြည်းဖြည်း လျော့နည်းသွားစေရန်နှင့် အချိန်ကာလတစ်ခုတွင် လုံးဝပပျောက်သွားစေရန်၊ NGOs, INGOs အဖွဲ့အစည်းအားလုံး၏ အကူအညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်နှင့်သာ ဆောင်ရွက်ရန်ဆိုသည့် အချက်များချမှတ်သင့်ကြောင်း။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ပညာရေးမြှင့်တင်မှုလုပ်ငန်း၊ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ပေးခြင်းနှင့် အတတ်ပညာများ လေ့ကျင့်သင်ကြားပေးခြင်း၊ စစ်ပွဲနှင့် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်ဒဏ်ရာရ ကိုယ်လက်အင်္ဂါ စွန့်လွှတ်ရသူများ၊ ကူးစက်ရောဂါသည်နှင့် နာတာရှည်ရောဂါသည်များအား စောင့်ရှောက်ပေးခြင်း၊ လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အဓမ္မလူသစ်စုဆောင်းမှု မခံရစေရန် ကာကွယ်ပေးခြင်း၊ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာ မြှင့်တင်ပေးခြင်း၊ အချိန်ဇယား ရေးဆွဲသတ်မှတ်ခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**စိတ်ရင်းစေတနာအမှန်ကို ပြသ**

ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ဦးကိုကိုလှိုင်က မိမိအနေဖြင့် ညီလာခံတွင် အဓိကအချက် ငါးချက်ကို တင်ပြသွားမည်ဖြစ်ကြောင်း၊ ပထမအချက်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခ အဆုံးသတ်ရေးပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားသည့် ညီနောင်တိုင်းရင်းသားအဖွဲ့အစည်းများ အားလုံးကိုလည်း NCA ၏ အရိပ်အာဝါသအောက်တွင် ပါဝင်၍ မိမိတို့၏ စိတ်ရင်းစေတနာအမှန်ကို ပြသကြရန်မေတ္တာရပ်ခံ တိုက်တွန်းလိုပါကြောင်း။

ဒုတိယအချက်တင်ပြလိုသည်မှာ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဖြစ်ပါကြောင်း၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုသည့် အဓိကဦးတည်ချက်နှင့်ပတ်သက်၍ တစ်နိုင်ငံလုံးတွင်တူညီသည့်သဘောထားရှိကြမည်ဟုယုံကြည်ပါကြောင်း၊ သို့သော်လည်း မည်သို့မည်ပုံတည်ဆောက်မည်ဆိုသည့် နည်းလမ်းအပေါ် လက်ရှိပကတိအခြေအနေအပေါ်တွင် အခြေခံ၍ ရှိရင်းစွဲအင်စတီကျူးရှင်းများဖြစ်သည့် အခြေခံဥပဒေ၊ တည်ဆဲဥပဒေနှင့် နည်းပညာဥပဒေများကို လိုအပ်သလို အများသဘောတူ ပြင်ဆင်ပြောင်းလဲခြင်း၊ လိုအပ်လျှင် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစသည့် နည်းလမ်းများဖြင့် စနစ်တကျ ဆောင်ရွက်သွားသင့်ပါကြောင်း။

တတိယတင်ပြလိုသည့်အချက်မှာ သဘာဝသယံဇာတ အရင်းအမြစ်ခွဲဝေရေး ကိစ္စပင်ဖြစ်ကြောင်း၊ သဘာဝသယံဇာတအရင်းအမြစ် ခွဲဝေရေးကိစ္စတွင် ပင်ရင်းဒေသတွင်လည်း အထိုက်အလျောက် ကျေနပ်မှုရရှိအောင် ပြည်ထောင်စုဗဟိုအစိုးရအတွက်လည်း ထိုက်သင့်သည့်ဝင်ငွေရရှိစေရန်၊ အရင်းအမြစ်ရှားပါးပြီး ဝင်ငွေနည်းသည့် ဒေသအတွက်လည်းလိုအပ်သလို ထောက်ကူပေးနိုင်ရန် မျှတသည့် ခွဲဝေမှုမျိုးကို မိမိနိုင်ငံ၏ နယ်မြေအခြေအနေ သဘာဝအနေအထားတို့နှင့် လိုက်လျောညီထွေစွာ ရှာဖွေဖော်ထုတ် ကျင့်သုံးသင့်ပါကြောင်း။

စတုတ္ထတင်ပြလိုသည့် အချက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စပင်ဖြစ်ကြောင်း၊ အထူးသဖြင့် နိုင်ငံတော်ကာကွယ်ရေးအတွက် တစ်ခုတည်းသော လက်နက်ကိုင်အဖွဲ့အစည်းကိုသာ ထားရှိရေးဖြစ်ကြောင်း၊ လက်ရှိအခြေခံဥပဒေတွင်လည်း နိုင်ငံတော်တွင် တပ်မတော်တစ်ရပ်တည်း ရှိရမည်ဟု ချမှတ်ထားပြီးဖြစ်ကြောင်း။

နောက်ဆုံးတင်ပြလိုသည့်အချက်မှာ ငြိမ်းချမ်းရေးကို ဖြစ်နိုင်သမျှမြန်မြန်ဖော်ဆောင်နိုင်ရန်အရေးကြီးပါကြောင်း၊ ယနေ့ကမ္ဘာ့အခြေအနေကို ကြည့်လိုက်ပါက အချင်းချင်း လူမျိုးရေး၊ ဘာသာရေး စသည့်အစွဲအမျိုးမျိုးကြောင့် ပြိုကွဲခဲ့ကြပြီး လက်နက်ကိုင်ပဋိပက္ခများ ပြင်းထန်ခဲ့ကာ ဘေးပယောဂအမျိုးမျိုးက စစ်ရေးပါဝင်စွက်ဖက်မှုကြောင့် နိုင်ငံတစ်ဝန်းလုံး ပြာပုံဖြစ်နေကြသည့် ပကတိအခြေအနေများကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကြာလေလေ နစ်မွန်းလေလေဖြစ်ရမည့် ကံကြမ္မာမျိုးများကို ရှောင်လွှဲနိုင်ရေးအတွက် ငြိမ်းချမ်းရေးကိုမြန်နိုင်သမျှ အမြန်ဆုံးဝိုင်းဝန်းဖော်ဆောင်ကြရန် ကျွန်တော်တို့အားလုံးတွင် တာဝန်ရှိကြောင်း ဆွေးနွေးသည်။

**တိုင်းရင်းသားစစ်စစ်လူမျိုးဖြစ်**

ဝအမျိုးသား စည်းလုံးညီညွတ်ရေးပါတီမှ ဦးညီနပ်က "ဝ"တိုင်းရင်းသားလူမျိုးစုသည် တိုင်းရင်းသားစစ်စစ်လူမျိုးဖြစ်သကဲ့သို့ သမိုင်းအစဉ်အလာရှိသော လူမျိုးစုဖြစ်ပြီး ပြည်ထောင်စုဝင်ပြည်နယ်ဖြစ်ရန် လိုအပ်သော အရည်အချင်း(၇)ချက်နှင့်လည်း ပြည့်မီသည့်အတွက် လက်ရှိ "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (၆)မြို့နယ်နှင့် "ဝ" ဘုရင်ခေါင်းဆောင်များ ခေါင်းချခဲ့သည့် ကျိုင်းတုံနယ် မြေဒေသ(၁၀)မြို့နယ်ကို ပြည်ထောင်စုဝင် "ဝ" ပြည်နယ်အဖြစ် ပြန်လည်အသိအမှတ်ပြုပေးနိုင်ပါရန်နှင့် ကျိုင်းတုံမြို့ပြနိုင်ငံ ရှေးဟောင်းပစ္စည်းများ ဆက်လက်မပျောက်မပျက်ဘဲ ထိန်းသိမ်းထားနိုင်ရန်နှင့် နိုင်ငံတော်၏ အမွေအနှစ်အဖြစ် သတ်မှတ်ပေးပါရန် တောင်းဆိုအပ်ပါကြောင်း၊ ထိုကဲ့သို့ အသိအမှတ်ပြုခြင်းခံရပါက နယ်စပ်ဒေသတစ်လျှောက်လုံး လုံခြုံရေး ကာကွယ်ရေးတာဝန်ကို "ဝ" ပြည်နယ်ဖက်ဒရယ် ပြည်ထောင်စုတပ်မှ ဗဟိုအစိုးရ၏ ဦးဆောင်မှုအောက်တွင် ကျေပွန်စွာတာဝန်ယူထမ်းရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**လုပ်ပိုင်ခွင့်အာဏာတူညီသော လွှတ်တော်နှစ်ရပ်**

တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ နိုင်ဝင်းကြည်က ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် တိကျခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေရှိရမည်ဖြစ်ကြောင်း၊ အမျိုးသားတန်းတူရေးနှင့်ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရှိသော ပြည်နယ်များကို အခြေခံ၍ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုကို တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတွင် လုပ်ပိုင်ခွင့်အာဏာတူညီသော လွှတ်တော်နှစ်ရပ်ရှိရမည်ဖြစ်ကြောင်း၊ ပြည်နယ်များနှင့်ပြည်ထောင်စုကြားတွင် တိကျသော အာဏာခွဲဝေမှု ရှိရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်ကို ကျင့်သုံးရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရှိရမည်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတပ်မတော် တစ်ရပ်တည်းသာရှိရမည်ဖြစ်ကြောင်း၊ ပြည်နယ်များတွင် ပြည်နယ်လုံခြုံရေးတပ်ကို ပြည်နယ်အစိုးရ၏ ကွပ်ကဲမှုအောက်တွင် ဖွဲ့စည်းထားရှိရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**ပဋိပက္ခအလွန်တိုင်းပြည်**

ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ ဒေါ်ခင်မမမျိုးက ဖက်ဒရယ်ပြည်ထောင်စု လုံခြုံရေးရာကိစ္စရပ်များအား လုံခြုံရေးတပ်ဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရပ်ဘက်ကွပ်ကဲမှုနှင့် အရပ်ဘက်အုပ်ချုပ်မှုအောက်တွင်ရှိရေး၊ နိုင်ငံနှင့်နိုင်ငံသားများအပေါ် ဒီမိုကရေစီနည်းကျတာဝန်ခံမှုရှိရေးတို့ကိုလည်း အထူးအလေးပေး ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ လုံခြုံရေးမူဝါဒများချမှတ် ကျင့်သုံးရာတွင် အဓိကရည်မှန်းချက်ဖြစ်သည့် လုံခြုံသည့်ပတ်ဝန်းကျင်ကောင်းဖန်တီးရေးဖြစ်သည့်အတွက် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍများနှင့် တာဝန်များ၊ လုံခြုံရေးဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အခြေအနေ၊ အချိန်အခါနှင့်အညီ ပြုပြင်ပြောင်းလဲရေးများ လိုအပ်လာမည်ဖြစ်ကြောင်း။

လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးသည် ပဋိပက္ခအလွန်တိုင်းပြည်တည်ဆောက်ရေးအတွက် အရေးကြီးသည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးတို့ကို ဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်ကြောင်း၊ လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးတွင် အမျိုးသားလုံခြုံရေးမူဝါဒနှင့် မဟာဗျူဟာ ချမှတ်ဖော်ဆောင်ရေး၊ လုံခြုံရေးဆိုင်ရာ ဥပဒေဘောင်များပြုပြင်ပြောင်းလဲရေး၊ ဒီမိုကရေစီနည်းလမ်းကျ ကွပ်ကဲအုပ်ချုပ်မှုနှင့်တာဝန်ခံမှုရှိရေး၊ ကာကွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ထောက်လှမ်းရေးနှင့် လုံခြုံရေးဝန်ဆောင်မှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ နယ်စပ်ဒေသ စီမံခန့်ခွဲမှုကဏ္ဍ ပြုပြင်ပြောင်းလဲရေး၊ ရဲတပ်ဖွဲ့ပြုပြင်ပြောင်းလဲရေး၊ တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးနှင့် အကျဉ်းထောင်စနစ် ပြုပြင်ပြောင်းလဲရေးများပါဝင်ပါကြောင်း ဆွေးနွေးသည်။

**ယမ်းငွေ့ဝေဆဲငြိမ်းချမ်းရေးအနေအထား**

မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ နိုင်ချမ်းတွဲ့က နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် NCA ကို ရှေ့ဆက်တိုးအောင် မလုပ်နိုင်သေးခြင်းနှင့် ယမ်းငွေ့ဝေဆဲငြိမ်းချမ်းရေးအနေအထားကာလ၌ ဖက်ဒရယ်ပြည်ထောင်စုကို စံကိုက်မော်ဒယ်လ်ပုံစံ စဉ်းစားရန်မှာလက်တွေ့မကျဟု ထင်မြင်မိပါကြောင်း၊ ယခင်သမ္မတ ဦးသိန်းစိန်အစိုးရလက်ထက်တွင် ကျင်းပသည့် ငြိမ်းချမ်းရေးညီလာခံတွင် တိုင်းရင်းသားများ၏အမြင်ကို တင်ပြမှတ်တမ်းတင်ထားပြီးဖြစ်ရာ ၎င်းကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကိုလည်း ပြန်လည်သုံးသပ်ရမည်ဆိုပါက မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအနေဖြင့် ယခင်ထက် ပိုမိုကျယ်ကျယ်ပြန့်ပြန့် ဖြစ်စေချင်ကြောင်း၊ အမျိုးသားအဆင့် ဆွေးနွေးပွဲများလည်း ရှိလာမည်ဖြစ်ရာ အသိပညာပေးဆန္ဒခံယူမှု ယခုထက် ပိုမိုအရှိန်မြှင့်တင်သင့်ပါကြောင်း၊ အချိန်ယူခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုပါက အနှစ်သာရမပါသော ပြုပြင်ပြောင်းလဲမှုများဖြင့် အချိန်ယူမည် (သို့မဟုတ်) ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး လမ်းပြမြေပုံတစ်ခုအတွင်း အဆင့်လိုက်သွား၍ အချိန်ယူမည်ဆိုသည်ကို စဉ်းစားဆုံးဖြတ်ရန်လိုကြောင်း၊ စံကိုက်ဖက်ဒရယ်ကို မိမိတို့ရရှိမည်မဟုတ်ဘဲ အများညီလက်တွေ့ကျသည့် ဖက်ဒရယ်စနစ်ကိုသာ ရရှိမည်ဖြစ်ရာ ၎င်းကို ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ခုရေးဆွဲရန် အခြေခံပြီး စဉ်းစားမည် (သို့မဟုတ်) လက်ရှိ ၂၀၀၈ ဖွဲ့စည်းပုံကိုပင် ဖက်ဒရယ်အသွင် ပြောင်းလဲမည် စသည်တို့ကို အခြေခံကျကျ ပြတ်သားထားရန်လိုအပ်ကြောင်း ဆွေးနွေးသည်။

**အောင်မြင်မှုရလဒ်**

တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ ဦးလှသာထွန်းက ယနေ့ကျင်းပသည့် ညီလာခံကြီးသည် နိုင်ငံတော်နှင့် ပြည်သူများအတွက် အလွန်အရေးကြီးပါကြောင်း ညီလာခံကြီးမှ ရရှိလာမည့်အဖြေများသည် ပြည်သူများ၏ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ကောင်းမွေများ၊ အကျိုးကျေးဇူးကောင်းများ ပေးလာနိုင်သည်ဖြစ်သည့်အတွက် ကောင်းသောအဖြေများ၊ ရလဒ်ကောင်းများရရှိရန် ကြိုးပမ်းပေးရန် လိုအပ်ကြောင်း၊ အဖြေကောင်းများ၊ ရလဒ်ကောင်းများ ရရှိရန်အတွက် နိုင်ငံတော်၏ State Power Holders ခေါင်းဆောင်များ၊ နယ်ပယ်အသီးသီး၊ အဖွဲ့အစည်းအသီးသီးတို့မှ တာဝန်ရှိသူ ခေါင်းဆောင်များ၏ စိတ်ရှည်သည်းခံပြီး နားလည်ခွင့်လွှတ်တတ်မှု စေတနာနှင့် ပူးပေါင်းဆောင်ရွက်မှုသာ အောင်မြင်မှုရလဒ်ကောင်းများကို အလွယ်တကူ ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ အဘက်ဘက်တွင် တာဝန်ရှိနေကြသည့် ခေါင်းဆောင်ကြီးများ အားလုံးအနေဖြင့် စိတ်ရှည်ဇွဲသန်ပြီး သည်းခံခွင့်လွှတ်မှုများနှင့် တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းလျှောက်လှမ်းကြရန် မေတ္တာရပ်ခံတင်ပြအပ်ပါကြောင်း ဆွေးနွေးသည်။

**စီးပွားရေး လွတ်လပ်ခွင့်**

ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ လွေးအေးနန်းက မြန်မာနိုင်ငံတွင် နိုင်ငံသားတိုင်းအတွက် စီးပွားရေးလွတ်လပ်ခွင့်များ ရရှိရန်လိုအပ်ပါကြောင်း၊ စီးပွားရေး လွတ်လပ်ခွင့်၏ အခြေခံအကျဆုံးအချက်မှာ မြေယာပိုင်ဆိုင်ခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်တို့ ဖြစ်ပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ တောင်သူလယ်သမားများ၏ လယ်ယာလုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုဘဝတိုးတက်မြင့်မားရေးတို့အတွက် လက်တွေ့ကျသည့် မြေယာမူဝါဒများချမှတ်ပြီး တိုင်းရင်းသားဒေသများ၏ ရိုးရာဓလေ့ထုံးတမ်းများနှင့် သဟဇာတလိုက်လျောညီထွေမှုဖြစ်သည့် လယ်ယာမြေဥပဒေသစ်တစ်ရပ် ပြင်ဆင်ပြဋ္ဌာန်းပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။


ဦးကိုကိုလှိုင်


နိုင်ဝင်းကြည်


နိုင်ချမ်းတွဲ့


လွေးအေးနန်း

**စားပွဲဝိုင်းနိုင်ငံရေးယဉ်ကျေးမှု**

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီမှ စိုင်းဘိုးအောင်က NCA စာချုပ်တွင်ပါရှိသည့် အခြေခံမူများကို လေးစားလိုက်နာပြီး ၎င်း၏ ဦးတည်ချက်၊ ရည်ရွယ်ချက်များကို တပ်မတော်အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်းများက ပူးပေါင်းအကောင်အထည်ဖော်ခြင်း၊ လိုအပ်ချက်များ ထပ်မံဖြည့်စွက်မွမ်းမံခြင်း၊ လိုက်နာကျင့်သုံးခြင်းအားဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲအောင် ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ NCA လက်မှတ်မထိုးဖြစ်သေးသော အဖွဲ့အစည်းများသည်လည်း တိုက်ပွဲအစား စားပွဲဝိုင်းနိုင်ငံရေးယဉ်ကျေးမှုကို ပိုမိုအလေးပေးခြင်းအားဖြင့် နိုင်ငံတော်၏ အနာဂတ်ငြိမ်းချမ်းရေးကို ပူးပေါင်းတည်ဆောက်မှုများ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ မည်သည့်ပါတီ အဖွဲ့အစည်းမဆို မိမိတို့၏သဘောထား လိုလားချက်ဖြစ်သည့် ဖြစ်သင့်ဖြစ်ထိုက်သည့် တင်ပြချက်များသည် ယနေ့လက်ခံကျင့်သုံးနေသည့် တည်ဆဲ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကွဲလွဲနေသမျှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေအလွန်နည်းပါးကြောင်းကို လက်တွေ့လက်ခံကြရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်**

တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ လာလ်မှားငိုက်ဇွာလ်အီက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် မိမိတို့နိုင်ငံကဲ့သို့ လူမျိုးပေါင်းစုံ ရောနှောနေထိုင်သည့် တိုင်းပြည်များအတွက် အလွန်အရေးကြီးပါကြောင်း၊ အတွင်းရေးဆိုင်ရာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိသည့်လူမျိုးများအဖြစ် သတ်မှတ်ရာတွင် တူညီသော သမိုင်းအစဉ်အလာရှိခြင်း၊ လူမျိုးရေးနှင့် အမျိုးသားရေးလက္ခဏာရှိခြင်း၊ တူညီသောယဉ်ကျေးမှုအမွေအနှစ်ရှိခြင်း၊ အခြေခံအရင်းအမြစ်ခြင်း တူညီသော ဘာသာစကားရှိခြင်း၊ ဘာသာရေး (သို့မဟုတ်) အယူဝါဒတစ်ခုခုပေါ်တွင် တူညီသော ခံယူချက်ရှိခြင်း၊ တစ်ဆက်တည်းရှိသော နယ်နိမိတ်ရှိခြင်း၊ တူညီသောစီးပွားရေးဘဝကို အတူတကွ ဖန်တီးရယူနိုင်ခြင်း (သို့) စီးပွားရေးအရ မှီခိုအားထားလောက်သော အခြေအနေရှိနေခြင်းတို့ပင် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

**ပါဝါခွဲဝေမှု**

ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့မှ နိုင်စိုးအောင်က ဖက်ဒရယ်ပြည်ထောင်စုစနစ်တွင် ပါဝါခွဲဝေမှုသည် အလွန်အရေးကြီးပါကြောင်း၊ ပါဝါခွဲဝေမှုများကို လက်တွေ့ကျင့်သုံးရာတွင် အခြေအနေ၊ အချိန်အခါထည့်သွင်းစဉ်းစားရမည်ဖြစ်သည့်အတွက် အသုံးပြုနိုင်မည့် တစ်ခုတည်းသော သဏ္ဌာန်ဆိုသည်မှာ မရှိနိုင်ကြောင်း၊ ပါဝါခွဲဝေသည့် နိုင်ငံရေးအစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို တန်းတူညီမျှခွဲဝေအသုံးပြုခြင်း၊ တစ်ဖက်နှင့်တစ်ဖက် အနိုင်ယူရန် ဆန္ဒမရှိဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လိုသည့် နိုင်ငံရေးယဉ်ကျေးမှု ထွန်းကားခြင်းစသည့် အခြေအနေများ ရှိနေမည်ဆိုပါက အောင်မြင်မှုနှုန်း မြင့်မားနိုင်ကြောင်း။

ပါဝါခွဲဝေသည့် အစီအမံများချမှတ်ရာတွင် သက်ဆိုင်ရာလူမျိုးအလိုက် မျိုးနွယ်စုများ၏ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် အားလုံးပါဝင်မှုကို အလေးထားရန်လိုအပ်ကြောင်း၊ အောင်မြင်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ထွက်လာရေးအတွက် (Multi - ethnic context)သည် အလွန်အရေးကြီးကြောင်း၊ သို့ပါ၍ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်မှုအပေါ်တွင် အခြေခံသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးတစ်ရပ် အောင်မြင်စွာဖြစ်ပေါ်လာနိုင်ရေးအတွက် လိုအပ်သည့် အခြေအနေများဖန်တီးခြင်း၊ ပဋိပက္ခဖြေရှင်းနိုင်သည့် နိုင်ငံရေး အစီအမံများ အကောင်အထည်ဖော်ခြင်းများ လုပ်ဆောင်ရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**ငြိမ်းချမ်းရေးဖော်ဆောင်နေသည့်ကာလ**

စည်းလုံးညီညွတ်ရေးနှင့်ဒီမိုကရေစီပါတီကချင်မှ ဒေါက်တာကေရွှယ်ဂျားက အနာဂတ်တွင် ဆက်လက်ကျင်းပမည့် ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် ဗဟိုမှအောက်ခြေအထိ ဆုံးဖြတ်ချက်ချနိုင်သည့် နေရာများတွင် အမျိုးသမီးများပါဝင်နိုင်ရေးကို အထူးအလေးထားဆောင်ရွက်ပေးနိုင်ပါရန်လည်း မိမိတို့အနေဖြင့် တိုက်တွန်းအပ်ပါကြောင်း၊ နောင်ကျင်းပမည့် ညီလာခံများတွင် NCA လက်မှတ်ထိုးထားသော အဖွဲ့များနှင့် မထိုးထားသော အဖွဲ့များ၊ အနိုင်ရရှိထားသော နိုင်ငံရေးပါတီများ၊ အနိုင်မရရှိသော နိုင်ငံရေးပါတီများအားလုံး ပါဝင်နိုင်ရေးနှင့် သဘောထားဆန္ဒများ ပါဝင်ဆွေးနွေးတင်ပြနိုင်ရန်လည်း ဖိတ်ခေါ်ပေးပါရန် တိုက်တွန်းအပ်ပါကြောင်း၊ နိုင်ငံတော်မှ ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် ကာလတွင် အပစ်အခတ်ရပ်စဲထားပြီး ဆွေးနွေးနိုင်လျှင် ယုံကြည်စိတ်ချမှု ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ပြည်ထောင်စုစနစ်**

တိုင်းရင်းသားကိုယ်စားလှယ်အစုအဖွဲ့မှ ဦးသန်းဇော်ဦးက ဖက်ဒရယ်တည်ဆောက်ရာတွင် တိုင်းရင်းသားများ၏ အခွင့်အရေးကို တိကျစွာပါဝင်နိုင်စေခြင်း၊ ထိုသို့ပါဝင်နိုင်စေရန် ယခုကတည်းက နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်ရန် နေရာအတည်တကျ မူဘောင်သတ်မှတ်ပေးရန်လိုအပ်ကြောင်း၊ နီးစပ်ရာ ဆွဲခေါ်ပြီး ဆွေးနွေးပွဲများ တက်ရောက်စေခြင်းထက် တိုင်းရင်းသားများ၏ တကယ့်ကိုယ်စားပြုသည့် ခေါင်းဆောင်များကို ဖိတ်ခေါ်ရန် အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကော်မတီသို့ တင်ပြလိုပါကြောင်း၊ အမျိုးသားနယ်မြေများကို နိုင်ငံရေးခေါင်းဆောင်များ၏ သဘောထားတစ်ခုတည်းဖြင့် မဆုံးဖြတ်ဘဲ တိုင်းရင်းသားအများစု၏ သဘောဆန္ဒဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်ထောင်စုစနစ်ကို မှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးသည်။





လာလ်မှားငိုက်ဇွာလ်အီ


ဒေါက်တာကေရွှယ်ဂျား


ဦးမားကိုစ့်

**အာခါလူမျိုးသည် ဌာနေတိုင်းရင်းသားများဖြစ်**

အာခါအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးမားကိုစ့်က မိမိတို့ အာခါလူမျိုးသည် ဌာနေတိုင်းရင်းသားများဖြစ်သည့်အလျောက် မိမိတို့၏ အမျိုးသားရေးလက္ခဏာကို ထိန်းသိမ်းလိုကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် မိမိတို့ အာခါလူမျိုးများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ပြန့်ကျဲနေထိုင်လျက်ရှိသည့် အာခါလူမျိုးများ၏အခွင့်အရေးများ ကာကွယ်နိုင်ရန် ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်များတွင် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးများတွင် ပါဝင်နိုင်ရေးသည် အာခါလူမျိုးများ၏ ဆန္ဒဖြစ်ကြောင်း ဆွေးနွေးသည်။

**ပြောင်းလဲကျင့်သုံး**

ကချင်အမျိုးသားကွန်ဂရက်ပါတီမှ ဦးစီစီနော်ဂျာက ထုံးစံဆင်မှုများအားလုံးကို စွန့်လွှတ်ပြီး တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း Dialogue Culture ဟုခေါ်သည့် စားပွဲဝိုင်းဆွေးနွေးပွဲ ဒီမိုကရေစီကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးရန် လိုအပ်ပါကြောင်း၊ နောင်လာမည့် နိုင်ငံရေး ဆွေးနွေးပွဲများတွင်လည်း အားလုံးစုံစုံညီညီ ပါဝင်ခွင့်ရအောင် စစ်မီးအကြွင်းအကျန်များကို ချန်မထားရန် မေတ္တာရပ်ခံပါကြောင်း၊ နိုင်ငံရေးနှင့်လုံခြုံရေးအတွက် ပြည်ထောင်စုအခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ ပြည်နယ်အခွင့်အရေးများပါဝင်လာအောင် ဖွဲ့စည်းပုံတွင် ပြင်ဆင်ရေးဆွဲသင့်ပါကြောင်း၊ တပ်မတော်ထဲတွင် တိုင်းရင်းသားများ ခန့်အပ်ပေးနိုင်ရန်နှင့် ကာကွယ်ရေးဦးစီးချုပ်ကိုလည်း တိုင်းရင်းသားများ အလှည့်ကျခန့်အပ်ပေးနိုင်ရန်တောင်းဆိုပါကြောင်း၊ သို့မှသာ တိုင်းရင်းသားအားလုံးက လေးစားသည့် တပ်မတော်ဖြစ်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် တိုင်းရင်းသားများအတွက် နိုင်ငံရေးလမ်းပြမြေပုံဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့နောက် သဘာပတိ ဦးသုဝေက နိဂုံးချုပ်အမှာစကားပြောကြားပြီး ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့ မွန်းလွဲပိုင်း အစီအစဉ်များအား ရပ်နားသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို ဒုတိယအကြိမ်ကျင်းပမည့် ညီလာခံမတိုင်မီ အပြီးသတ်ဆောင်ရွက်မည်

**နေပြည်တော် စက်တင်ဘာ ၂**

နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Political Framework)ကို ဒုတိယအကြိမ် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံမတိုင်မီ အပြီးသတ် ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတတိယနေ့အစည်းအဝေးအပြီးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)က "နောက်တစ်ကြိမ်ကျင်းပမယ့် ညီလာခံမတိုင်ခင်မှာ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ကို အပြီးသတ်လုပ်ပါမယ်။ အဲဒီမှာအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်ပါမယ်။ သက်ဆိုင်ရာ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာဒေသအလိုက်၊ လူမျိုးအလိုက်၊အကြောင်းအရာ အလိုက်ဆွေးနွေးပွဲတွေ ကျင်းပကြပါမယ်။ ကျင်းပဖို့အတွက် ကဏ္ဍတွေအလိုက် ခေါင်းစဉ်အကြောင်းအရာတွေချပေးမှာပါ။ ခြောက်လမတိုင်ခင် ကဏ္ဍအလိုက် ဆွေးနွေးပြီးတဲ့ အရာတွေက ကျွန်တော်တို့ ကော်မတီမှာတင်ပါ့မယ်။ အဲဒီမှာ တူလာတဲ့ ဘုံသဘောတူညီချက်တွေစုပြီး ညီလာခံကို တင်ပါ့မယ်။ မတူသေးတဲ့ အရာတွေကိုတော့ ပြန်လည်ဆွေးနွေးဖို့ ပြန်ချပေးမယ်။ တူတာတွေကတော့ ဆုံးဖြတ်ချက်အနေနဲ့ ကျလာမှာပါ။ ဒါကိုဘုံသဘောတူညီချက်နဲ့ ညီလာခံမှာဆုံးဖြတ်မှာပါ"ဟု ပြောသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးတွင် NCA စာချုပ်တွင် လက်မှတ်ရေးထိုးရခြင်း မပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခုနစ်ဖွဲ့အား ကိုယ်စားပြုသည့် ညီညွတ်သော တိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC) ကလည်း ၎င်းတို့၏ မူနှင့်မူဝါဒဆိုင်ရာစာတမ်းကို ကိုယ်စားလှယ်ငါးဦးက ဖတ်ကြားတင်သွင်းခဲ့ကြောင်း ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောကြားသည်။

ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ဒီနေ့ UNFC ဘက်က သူတို့ရဲ့ စာတမ်းတစ်စောင်ကိုတင်ထားပါတယ်။ ညီလာခံရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း တစ်ဦးကို ၁၀ မိနစ်စီပဲပြောရမှာဖြစ်တဲ့အတွက် UNFC အဖွဲ့ဝင် ငါးဦးက သူတို့ တင်သွင်းတဲ့စာတမ်းကို ၁၀ မိနစ်စီဖတ်သွားတာဖြစ်ပါတယ်။ အနာဂတ်ပြည်ထောင်စုကိုထူထောင်တဲ့ အချိန်မှာသူတို့လိုလားတဲ့ ပုံစံကိုတင်ပြတာဖြစ်ပါတယ်" ဟုပြောသည်။

ညီညွတ်သောတိုင်းရင်းသားလူမျိုးစုဖက်ဒရယ်ကောင်စီ (UNFC)သည် NCA စာချုပ်တွင် လက်မှတ်ရေးထိုးရန်အတွက် ဩဂုတ်လတတိယပတ်က ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂) နှင့် တွေ့ဆုံကာ အချက်ရှစ်ချက်ကို တောင်းဆိုထားသည်။

အဆိုပါအချက်ရှစ်ချက်နှင့်ပတ်သက်၍"အချက် ရှစ်ချက်ကတော့ အစိုးရ၊ တပ်မတော်နဲ့ UNFC ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စပါ။ အစိုးရ ဒါမှမဟုတ် UNFC ဒါမှမဟုတ် DPN ကိုပဲဖြစ်ဖြစ် မေးမှ ဖြစ်မှာပါ။ သူတို့နဲ့ တိုက်ရိုက်ပတ်သက်နေလို့ပါ"ဟုဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းကပြောသည်။

စိုင်းကျော်ညွန့်က"လက်မှတ်မရေးထိုးထားရသေးတဲ့ အဖွဲ့တွေနဲ့ ပတ်သက်ရင်တော့ NCA မထိုးထားသေးတဲ့ အဖွဲ့တွေကို ဘယ်လိုအဆင့်အတန်းနဲ့ထားတယ်။ အဖွင့်အမှာစကားကိုလည်း ဗိုလ်ချုပ်ကြီး အင်ဘန်လက ပြောတယ်။ ဒီညီလာခံတက်ရောက်သူများဆိုပြီး အားလုံးအတူတူထားတယ်။ အစိုးရနဲ့တပ်မတော်ကရော အပြုသဘောဆောင်တာတွေ ရှိတယ်။ အဲ့ဒီလို နှစ်ဖက် အပြုသဘောဆောင်တာတွေရှိရင်တော့ NCA လက်မှတ်ထိုးတာရော ငြိမ်းချမ်းရေး ဖြစ်စဉ်ရော ထဲထဲဝင်ဝင် ပါဝင်လာနိုင်တယ်။ ဒီညီလာခံကျင်းပခြင်းက တိုက်ရိုက်မဟုတ်တောင် သွယ်ဝိုက်တဲ့နည်းနဲ့ အကျိုးရှိတာတော့ အမှန်ပါပဲ"ဟု ပြောသည်။



ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၏ နောက်ဆုံးနေ့အစည်းအဝေးတွင် ကျန်ရှိနေသော အဖွဲ့အစည်းအသီးသီး၏ မူနှင့်မူဝါဒဆိုင်ရာများကို ဆက်လက်တင်သွင်းသွားမည်ဖြစ်ပြီး အစည်းအဝေးအပြီးတွင် ညီလာခံကျင်းပရေးပူးတွဲကော်မတီက အဖွဲ့အစည်းအသီးသီးမှ တင်ပြလာသည့် တင်ပြချက်များအားစုစည်းရန်နှင့် မူဘောင်ရေးဆွဲပြီးပါက အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲများတွင် မည်သည့်ပုံစံဖြင့် ချပေးသွားမည်ဆိုသည့် အကြောင်းအရာများအား ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ညီလာခံ၏ စိန်ခေါ်မှုများနှင့် ပတ်သက်၍ စိုင်းကျော်ညွန့်က "စိန်ခေါ်မှုက အဖွဲ့အစည်းအားလုံးရဲ့ အသံကိုနားထောင်ရတာဆိုတော့ အင်မတန်ကွဲပြားနေတာတွေလည်းတွေ့ရပါတယ်။ ဒါဟာစိန်ခေါ်မှုလို့ ပြောနိုင်ပေမယ့် အားသာချက် တစ်ခုလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တည်ဆောက်မယ့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုမှာ ဒီလောက်မတူကွဲပြားမှုတွေကိုဘယ်လိုဖြေရှင်းမလဲဆိုတာ Stateholder တွေကစဉ်းစားရတော့မှာဖြစ်ပါတယ်။ Live လွှင့်ပေးထားတဲ့အတွက် ဘယ်သူက ဘယ်လိုပြောဆိုသလဲဆိုတာ ပြည်သူလူထုကဆုံးဖြတ်ပါလိမ့်မယ်။ သမားရိုးကျ ညီလာခံသာဆိုရင် ညီလာခံတက်ရောက်သူ လောက်ပဲသိမှာပါ။ အခုလို Live(တိုက်ရိုက်)လွှင့်ပေးလိုက်တာ တကယ့်ကို ပွင့်လင်းမြင်သာမှုဆိုတာကို အစိုးရကဖော်ဆောင်ပေးလိုက်တဲ့ပုံစံပါ။ နှစ်ပေါင်း ၆၀ အတွင်းမှာ အခုလို မရှိခဲ့ပါဘူး။ တကယ့်တိုးတက်မှုကြီးလို့ ကျွန်တော့်အနေနဲ့မြင်ပါတယ်"ဟုပြောကြားခဲ့သည်။

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယနေ့အစည်းအဝေးအပြီးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲသို့ ညီလာခံပူးတွဲကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (ငြိမ်း)၊ ဦးလှမောင်ရွှေ၊ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း၊ ဦးဇော်ဌေးနှင့် ဦးစိုင်းကျော်ညွန့်တို့က ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

## ကြေးမုံ ရုပ်ရှင်အညွှန်း



# ပြသဆဲဇာတ်ကားများသာ ဆက်လက်ရုံတင်

အခုတလော ရုံတင်နေတဲ့ မြန်မာဇာတ်ကားတွေကိုကြည့်ရင် အများစုက ဟာသဇာတ်မြူးကားတွေပဲဖြစ်တာမို့ တစ်ဖက်ကကြည့်မယ်ဆိုရင် နိစ္စဓူဝ လူမှုရေး၊ စီးပွားရေးတွေနဲ့ အလုပ်ရှုပ်နေတဲ့ ပရိသတ်တွေအဖို့ စိတ်အပန်းဖြေနိုင်မှာ ဖြစ်ပါတယ်။

စက်တင်ဘာ ပထမပတ်မှာတော့ အဆင့်မြင့်ရုပ်ရှင်ရုံတွေမှာ ပြသမယ့် ဇာတ်ကားတွေက သိပ်အပြောင်းအလဲမရှိဘဲ ယခင်ပြသဆဲ မြန်မာဇာတ်ကား နှစ်ကားဖြစ်တဲ့ 'ရိုက်လိုက်ပါဦး ဒုန်းဒုန်းဒုန်း'နဲ့ 'ဘောစိ'ဇာတ်ကားတွေကိုပဲ မကြည့်ရှုလိုက်ရသေးတဲ့ပရိသတ်တွေ ခံစားကြည့်ရှုနိုင်မှာ ဖြစ်ပါတယ်။


နိုင်ငံခြားဇာတ်ကားတွေအနေနဲ့က ကမ္ဘာကျော် အက်ရှင်မင်းသားကြီး ဂျက်ကီချန်းရဲ့ Skiptrace အက်ရှင်ဟာသဇာတ်မြူးကား၊ အွန်လိုင်းပေါ်မှာနဲ့ နိုင်ငံတကာရုပ်ရှင်ရုံတွေမှာ နာမည်ကြီးခဲ့တဲ့၊ ဇာတ်အိမ်တည်ဆောက်မှု ကောင်းမွန်ပြီး အဓိကဇာတ်ဆောင်တွေအပြင် ဗီလိန်နဲ့ ဇာတ်ပို့တွေကပါ သရုပ်ပီပြင်လွန်းလှတဲ့ တောင်ကိုရီးယား ဇွန်ဘီဇာတ်ကား Train To Busan၊ ကျွန်းလေးတစ်ကျွန်းပေါ်မှာ မိဘများနဲ့ သေကွဲကွဲပြီးကျန်ရစ်ခဲ့တဲ့ ကလေးငယ်လေး ပီတီကို နဂါးလေးတစ်ကောင်က ကယ်တင်ခဲ့ပြီးတော့ နဂါးလေးရဲ့ အန္တရာယ်ကျရောက်လာတဲ့အခါ နှစ်ဦးသား ဘယ်လိုစည်းလုံးကြပုံကို ပုံဖော်ထားတဲ့ Pete's Dragon ချစ်ခြင်းမေတ္တာဖွဲ့ ဇာတ်ကားတို့ကို ယခုတစ်ပတ်မှာလည်း ပရိသတ်တွေ ဆက်လက်ကြည့်ရှုနိုင်ကြမှာဖြစ်ပါကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ သတင်းကောင်းပါးလိုက်ရပါတယ်။

**(ဖြိုးစန္ဒာမြင့်)**



## (၇၃)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော် အီတလီနိုင်ငံတွင် ကျင်းပ

**ဩဂုတ် ၃၁ ရက် ညပိုင်းက ဖွင့်ပွဲကျင်းပခဲ့သည့် (၇၃) ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၏ မြင်ကွင်းတစ်ခု။**



အီတလီနိုင်ငံ၏ အထင်ကရပွဲတော်တစ်ခုသည့် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ခြိမ့်ခြိမ့်သဲ ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၇၃)ကြိမ်မြောက်အဖြစ် အီတလီနိုင်ငံ ဗင်းနစ်မြို့တော်တွင် ဩဂုတ် ၃၁ ရက် ညပိုင်းက စတင်ကျင်းပခဲ့သည်။

အဆိုပါ ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ၁၉၃၂ ခုနှစ်ကတည်းက ကျင်းပလာခဲ့ခြင်းဖြစ်ရာ (၇၃) ကြိမ်မြောက်အဖြစ်ကျင်းပမည့် ယခုနှစ်ပွဲတွင် ဂျိမ်းစ်ဘွန်းဇာတ်ကားများ၏ ပုံဖော်ဖန်တီးရှင် ဒါရိုက်တာ ဆမ်မန်ဒက်စ်က ဂျူရီအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ အမြင့်ဆုံးဆုများဖြစ်သည့် ရွှေခြသေ့်၊ ငွေခြသေ့်နှင့် အခြားသော အထူးဆုများကို ရွေးချယ်ပေးသွားမည်ဖြစ်သည်။

ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပမည့် အဆိုပါရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ဇာတ်ကားများ ပါဝင်ပြသကြမည်ဖြစ်ပြီး ဖွင့်ပွဲဇာတ်ကားအဖြစ် ဟောလိဝုဒ်မင်းသမီး အမ်မာစတုန်း ပါဝင်သရုပ်ဆောင်ထားသည့် La La Land ဇာတ်ကားဖြင့်လည်းကောင်း၊ ပွဲတော်၏ အပိတ်ဇာတ်ကားကို တောင်ကိုရီးယားအက်ရှင်မင်းသား လီပြောင်ဟွန်းနှင့် ဟောလိဝုဒ်မှ အက်ရှင်စတားများ ပါဝင်သရုပ်ဆောင်ထားသည့် The Magnificent Seven ဇာတ်ကားဖြင့် ပိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

**(မျိုးစန္ဒာမောင်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၃- ၉ -၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**ညပိုင်း**

၆း၀၀ - အဖွင့်
- မိုးလေဝသအစီအစဉ်
- X Sports

၆း၄၀ - သတင်းစာဆရာ၊ စာရေးဆရာကြီး ဟံသာဝတီ ဦးဝင်းတင် (သို့) သံမဏိလူသား (အပိုင်း-၁)

၇း၀၀ - MRTV Entertainment Music

၇း၁၅ - ကက်ဆက်ဇာတ်လမ်း "ကောလိပ်ဂျင်"

၈း၂၅ - MRTV Entertainment Music

၈း၃၅ - နိုင်ငံခြားရုပ်ရှင် "Apna Asmaan"

၁၀း၁၅ - နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ

၁၀း၃၀ - မြန်မာရုပ်ရှင် "နောက်"

**၄-၉-၂၀၁၆ (စနေနေ့) နံနက်(၀၀း၀၀)မှ (၆း၀၀) ထိကို အထက်ဖော်ပြပါအတိုင်း ပြသပါသည်။ နံနက်(၀၆း၀၀)မှ (၀၈း၃၅)ထိ အမှတ်စဉ် (၁)မှ (၅)ထိ ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၅ Hyper Sports

၈း၁၅ ၂၀၁၆ ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ဝင်များ လေ့လာနိုင်ရန် (အဆိုဘာသာရပ်)(ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး) (ဝါသနာရှင်(ပထမတန်း)အဆင့်)(အမျိုးသမီး)

၈း၅၀ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ. . . (၂၁)ရာစုပင်လုံ အခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

၁၂း၃၅ တစ်ပတ်အတွင်းထူးခြားသတင်း

၂း၂၀ ရုပ်ရှင်ရိုက်မယ်(လူ့အခွင့်အရေး လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော်)"ခြေရာ၊ပျောက်ဆုံးခြေရာ"

၃း၃၅ ချစ်စရာ့အရွယ်ကစားကြမယ်

၄း၁၅ ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး၊ ပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်)(မဟာဂီတ) (ဝါသနာရှင်(ပထမတန်း)အဆင့်) (အမျိုးသား၊အမျိုးသမီး)

၄း၃၅ NHK Programme"Quiz Me! Science!" စက်သီးရဲ့နိယာမ"

၅း၁၅ KARAOKE World Championships(KWC) Myanmar2016

၆း၃၅ TastyTrip

၇း၁၅ "သူ" (အပိုင်း-၁၇) (ပြေဇင်၊မင်းသူ၊ ရဲမွန်၊ ဖူးစုံ၊ သဇင်၊ မှုံနံ့သာ) (ဒါရိုက်တာ-ဘိုသန့်)

၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊မိုးလေဝသအခြေအနေ

၉း၀၀ ပြည်တွင်းသတင်း
-ဂီတတံခါးလေးဖွင့်ပါဦး
-ဂီတသမား၊ဂီတစကား
"မင်းခမ်းမင်းနားနှင့်အတိတ်ကနာရီ"(ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်

၇း၀၀ မေတ္တာပို့

၇း၁၀ ဓမ္မပူဇာတေး

၈း၀၅ အမျိုးသားရေးတေးကဗျာ

၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ

၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ

၉း၃၅ ခရီးလည်းသွားစကားလည်းဆို

၁၀း၃၀ Cooking Art

၁၀း၄၅ Happy Time

၁၁း၁၀ English For Myanmar

၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး

၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
-နတ်ကတော်မစော

၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မေတ္တာအသဒ္ဓေ်(အပိုင်း-၉၂)

၂း၃၀ သံစဉ်များနှင့်ကမ္ဘာ

၄း၃၅ ချစ်သူစုံတွဲတူယှဉ်နဲ့

၅း၀၀ Run & Cook

၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဖေဖေကြီးကိုချစ်တယ် (အပိုင်း-၅၁)

၅း၄၅ ရွှေလမ်းငွေလမ်းသူဌေးလမ်း

၆း၁၀ စားဖိုဆောင်ချစ်သူ

၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား

၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နေတစ်စင်းရဲ့ဆည်းဆာ (အပိုင်း-၄)
-လူ့ရွှင်တော်စတား
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အနားမညီတြိဂံ (အပိုင်း-၂၉)

### MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း+မင်္ဂလသုတ်

၅း၄၀ "ကြက်ငှက်ပမာ ကျင့်ကြံပါ" တရားတော် [ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ ပညိဿရာဘိဝံသ (ဓမ္မဒူတ)]

၈း၀၀ Cartoon Series (English Play Ground)

၈း၅၅ Drive It

၉း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Myanmar Imperial College Annual Graduation Ceremony 2016)

၁၀း၁၅ ခေတ်သစ်ပျိုမေ

၁၁း၁၀ Star တို့ရဲ့လက်ရာ

၁၁း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၂၃+၂၄)

၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [သေရည်ကိုရှောင်ရည်မှတ်ပါလို့ (အပိုင်း-၂)]

၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၅၂)

၅း၄၀ ခရီးသွားမှတ်တမ်း (တောင်ကိုရီးယားနိုင်ငံ၊ ဘူဆန်မြို့) (အပိုင်း-၁)

၆း၁၀ Health Fix

၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၅၃)

၇း၁၅ Let's Talk

၇း၅၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [သေရည်ကိုရှောင်ရည်မှတ်ပါလို့ (အပိုင်း-၃)]

၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၉၈)

၉း၂၀ MUSIC LIVE Tonight

၉း၄၅ အနုပညာမိုးကောင်းကင်

၁၀း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၂၅+၂၆)

၁၀း၃၀ MRTV-4 Stage

# ၂၀၀၆ ကမ္ဘာ့ဖလား အဂတိလိုက်စားမှုအတွက် ဘက်ကင်ဘောင်ဝါ စုံစမ်းစစ်ဆေးခံနေရ

ဆွစ်ဇာလန်အစိုးရ ရှေ့နေများသည် ဂျာမနီဂန္ထဝင် ကစားသမားဟောင်း ဘက်ကင်ဘောင်ဝါ အပါအဝင် အခြားပုဂ္ဂိုလ်သုံးဦးအား ၂၀၀၆ ကမ္ဘာ့ဖလားကျင်းပခွင့်ရရေး အိမ်ရှင်လျှောက်ထားမှုတွင် အဂတိလိုက်စားခဲ့သည်ဟူသော စွပ်စွဲချက်ကြောင့် စုံစမ်းစစ်ဆေးခံနေရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ဘက်ကင်ဘောင်ဝါသည် ကမ္ဘာ့ဖလားကျင်းပရေးအဖွဲ့ကော်မတီတွင် ပါဝင်ခဲ့ချိန်အတွင်း လိမ်လည်မှု၊ မှားယွင်းမှု၊ တရားမဝင်ငွေကြေးရယူမှုနှင့် အလွဲသုံးစားလုပ်မှု စသည့် သံသယဖြစ်ဖွယ်လုပ်ရပ်များ ကျူးလွန်ခဲ့သည်ဟူသော စွဲချက်ကြောင့် ယခုကဲ့သို့ စုံစမ်းစစ်ဆေးခံနေရခြင်း ဖြစ်သည်။

ဘက်ကင်ဘောင်ဝါမှာ ၂၀၀၆ ကမ္ဘာ့ဖလားကျင်းပရေးအဖွဲ့အစည်း၏ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်ပြီး အဂတိလိုက်စားမှုမျိုး မည်သည့်အခါမျှ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း ငြင်းဆန်ခဲ့သည်။ ၎င်းမှာ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်းက ၂၀၀၆ ကမ္ဘာ့ဖလား အိမ်ရှင်လျှောက်ထားခဲ့ရာတွင် မှားယွင်းမှုများ ရှိခဲ့သော်လည်း မဲဝယ်ယူခဲ့သည့် လုပ်ဆောင်ချက်မျိုးမလုပ်ခဲ့ကြောင်း ငြင်းဆိုလိုက်သည်။ ဖီဖာအုပ်ချုပ်ရေးအဖွဲ့အစည်းသည် ဂျာမနီနိုင်ငံအား ၂၀၀၆ ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ရွေးချယ်မှုကိစ္စရပ်တွင် အဂတိလိုက်စားမှုရှိခဲ့သည်ဟု သံသယရှိသူ ခြောက်ဦးအား မတ်လအတွင်း စုံစမ်းမှုများကို စတင်လုပ်ဆောင်ခဲ့သည်။

ယင်းသို့ ဆွစ်ဇာလန် အစိုးရရှေ့နေများနှင့် ဖီဖာတို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးမှုတွင် သံသယရှိသူအမည်စာရင်းကို စက်တင်ဘာ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ ဘက်ကင်ဘောင်ဝါ၏ အမည်ပါဝင်လာခဲ့ခြင်းဖြစ်သည်။ အမည်စာရင်းပါဝင်လာသူ လေးဦးမှာ ဘက်ကင်ဘောင်ဝါ (ဂျာမနီဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဟောင်း၊ ကမ္ဘာ့ဖလားကျင်းပရေးကော်မတီဥက္ကဋ္ဌ)၊ ဝုဖ်ဂန်နီယာဘတ် (ဂျာမနီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဖီဖာနှင့် ယူအီးအက်ဖ်အေ အုပ်ချုပ်ရေးကော်မတီ လက်ရှိအဖွဲ့ဝင်)၊ ဇွန်ဇိုက်ကာ (ဂျာမနီဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း၊ ဖီဖာနှင့် ယူအီးအက်ဖ်အေ အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်ဟောင်း)၊ ရှမစ်(ဂျာမနီဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း)တို့ ဖြစ်ကြသည်။



## အဖွင့်မလှခဲ့တဲ့ ဘယ်လ်ဂျီယံနည်းပြ မာတီနက်ဇ်၊ ဘတ်ဖွန် နေရာဆက်ခံသူဖြစ်လာတဲ့ ဒိုနာရူးမား

စက်တင်ဘာ ၂ ရက် မနက်အစောပိုင်း ယှဉ်ပြိုင်ခဲ့တဲ့ ဥရောပအသင်းကြီးအချင်းချင်း ထိပ်တိုက်တွေ့ဆုံခဲ့တဲ့ ချစ်ကြည်ရေးခြေစမ်းပွဲတွေမှာ စပိန်အသင်းက ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့သလို ပြင်သစ်အသင်းက အီတလီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အသီးသီးအနိုင်ယူခဲ့ကြပါတယ်။ ယခုခြေစမ်းပွဲတွေမှာ နည်းပြအပြောင်းအလဲလုပ်ထားတဲ့ ဘယ်လ်ဂျီယံနဲ့ အီတလီနှစ်သင်းလုံး ရလဒ်ပိုင်းဆိုးရွားခဲ့ပြီး အိမ်ကွင်းမှာပဲ ပြိုင်ဘက်တွေကို အရှုံးပေးခဲ့ရတာ ဖြစ်ပါတယ်။

အဲဗာတန်နည်းပြရာထူးမှ ထုတ်ပယ်ခံရပြီးနောက် သုံးလအကြာ ဘယ်လ်ဂျီယံနည်းပြသစ်ဖြစ်လာတဲ့ မာတီနက်ဇ်အတွက်တော့ ပွဲဦးထွက်မှာပဲ ရှုံးပွဲကြုံခဲ့ရပါတယ်။ စပိန်ရဲ့ အဖွင့်ဂိုးကို ပွဲကစားချိန် ၃၄ မိနစ်မှာ ဆေးလ်ဗားက သွင်းယူခဲ့တာဖြစ်ပြီး ဒုတိယဂိုးကတော့ ပင်နယ်တီသွင်းဂိုးပါ။ ဒီနိုင်ပွဲက ဒယ်လ်ဘော့စကေး နေရာအစားထိုးခန့်အပ်ခံရတဲ့ စပိန်နည်းပြသစ် လိုပက်တက်ဂွေအတွက်တော့ အဖွင့်လှစေခဲ့ပြီး ကမ္ဘာ့ဘောလုံးဇာတ်ခုံမှာ စပိန်တို့ ပြန်လာနိုင်မလားဆိုတာ စောင့်ကြည့်ချင်စရာ ကောင်းလာပါတယ်။

အီတလီ-ပြင်သစ်ပွဲစဉ်မှာတော့ အီတလီအသင်းက ပြင်သစ်အသင်းကို အဘက်ဘက်က ယှဉ်ပြီး မကစားနိုင်ခဲ့သလို ပယ်လီရဲ့ နှစ်သိမ့်ချေပဂိုး တစ်ဂိုးကြောင့်သာ အိမ်ကွင်းမှာ ဂိုးပေါက်မပျောက်ခဲ့ရတာဖြစ်ပါတယ်။ ပြင်သစ်အသင်းရဲ့ သွင်းဂိုးတွေကို မာရှယ်လ်၊ ဂီရော့ဒ်နဲ့ ကော်ဇာဝါတို့က သွင်းယူပေးခဲ့ကြတာဖြစ်ပါတယ်။ အီတလီနည်းပြသစ် ဗန်တူရာက ဒုတိယပိုင်းမှာ အီတလီဝါရင့်ဂိုးသမား ဘတ်ဖွန်နေရာတွင် အသက်(၁၇)နှစ်အရွယ် ဒိုနာရူးမားကို ထည့်သွင်းအသုံးပြုခဲ့တာကြောင့် ဘတ်ဖွန်နေရာတွင် အစားထိုးမယ့်သူ ပေါ်လာပြီလားဆိုတဲ့ နောက်ဆက်တွဲပြောစကားတွေ ထွက်လာတဲ့ပွဲစဉ်လည်း ဖြစ်ခဲ့ပါတယ်။

ဘတ်ဖွန်ဟာ လက်ရှိမှာ အသက်(၃၈)နှစ်အရွယ်ရှိပြီဖြစ်တာကြောင့် ဒိုနာရူးမားထက် အသက် (၂၁) နှစ်ပိုကြီးသူဖြစ်ပြီး ဘတ်ဖွန်အီတလီအတွက် ပွဲထွက်ကစားခွင့်ရတဲ့ ၁၉၉၇ ခုနှစ် အောက်တိုဘာ ၂၉ ရက် နောက် ၄၈၄ ရက်အကြာမှ ဒိုနာရူးမားကို မွေးဖွားခဲ့တာဖြစ်တယ်လို့ မှတ်တမ်းတွေအရ သိရပါတယ်။ အခြားပွဲစဉ်တွေမှာတော့ ယူရို ၂၀၁၆ ချန်ပီယံ ပေါ်တူဂီအသင်းက ဂျီဘရာသယ်အသင်းကို ငါးဂိုးပြတ်၊ ဂရိအသင်းက နယ်သာလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အသီးသီးအနိုင်ယူနိုင်ခဲ့ပါတယ်။ ပေါ်တူဂီအတွက် အနိုင်ဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့သူ နာနီက ပေါ်တူဂီအသင်းအနေနဲ့ စီရိုနယ်လ်ဒို မပါလည်း အနိုင်ရလဒ် ဖော်ဆောင်နိုင်တယ်လို့ ပြောပါတယ်။



## ဂိုးသမား ဖော်စတာနေရာ မက္ကာသီဖြင့် အင်္ဂလန်အစားထိုး



အင်္ဂလန်အသင်းသည် ဆလိုဗက်ကီးယားနှင့် ယှဉ်ပြိုင်မည့် ပွဲစဉ်မတိုင်မီ လက်မောင်းဒဏ်ရာရရှိသွားသည့် ဆောက်သမ်တန်ဂိုးသမား ဖော်စတာနေရာတွင် ဆောက်သမ်တန်အသင်းဖော် မက္ကာသီဖြင့် အစားထိုးခဲ့ကြောင်း သိရသည်။ ဖော်စတာမှာ အသင်းလေ့ကျင့်ရေးအစီအစဉ်အတွင်း ဒဏ်ရာရရှိခဲ့ရာ ဆောက်သမ်တန်အသင်းသို့ ပြန်လည်ဆေးကုသမှုခံယူခဲ့ရပြီးနောက် မက္ကာသီကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။ နည်းပြ ဆမ်အလာဒိုက်စ်သည် ဂိုးသမားနေရာအတွက် မန်စီးတီးမှ တိုရီနိုအသင်းသို့ အငှားဖြင့်ပြောင်းရွှေ့သွားခဲ့သူ ဂျိုးဟတ်၊ ဘန်လေဂိုးသမား တွမ်ဟိတန်တို့လည်း ရွေးချယ်ထားသည်။ မက္ကာသီမှာ အင်္ဂလန်လက်ရွေးစင်အသင်းအတွက် တစ်ကြိမ်တစ်ခါမျှ ရွေးချယ်ခြင်းမခံရဘဲ အင်္ဂလန်ယူ-၂၁ အသင်းအတွက် သုံးပွဲသာ ဝင်ရောက်ကစားခွင့်ရထားသူ ဖြစ်သည်။

## ပေါ့ဘာ၏ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးအတွက် ဂရုမစိုက်ဟု ဂါရတ်ဘေးလ် ပြောကြား



ရီးယဲလ်တောင်ပံတိုက်စစ်မှူး ဂါရတ်ဘေးလ်က ၎င်း၏ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးကို ကျော်ဖြတ်ကာ စံချိန်ရှင်သစ်ဖြစ်လာသည့် မန်ယူကွင်းလယ်လူ ပေါလ်ပေါ့ဘာ အပြောင်းအရွှေ့ကိစ္စရပ်နှင့် ပတ်သက်ပြီး ဂရုမထားကြောင်း တုံ့ပြန်လိုက်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ဂါရတ်ဘေးလ်အား လွန်ခဲ့သည့် သုံးနှစ်တာကာလက ကမ္ဘာ့စံချိန်တင်ကြေးပေါင် ၈၅ ဒသမ ၃ သန်းဖြင့် ခေါ်ယူခဲ့ပြီးနောက် သုံးနှစ်အတွင်း မည်သူတစ်ဦးတစ်ယောက်ကမျှ ယင်းစံချိန်ကို ကျော်ဖြတ်နိုင်ခြင်းမရှိသော်လည်း ယခုတစ်ကြိမ်တွင် ပေါ့ဘာက ပေါင် ၈၉ သန်းဖြင့် ကျော်ဖြတ်သွားခဲ့ခြင်းဖြစ်သည်။ ဂါရတ်ဘေးလ်က "ကျွန်တော် ဒီကိစ္စကို သိပ်ပြီးရေးကြီးခွင်ကျယ် လုပ်မနေပါဘူး။ ဒါက ကျွန်တော် သိပ်ပြီးဂရုထားစရာ မလိုပါဘူး"ဟု ဆိုလိုက်သည်။

မေလှ့သင်း–စုစည်းဖော်ပြသည်

## ဒဏ်ရာကြောင့် ဆန်းဒါးလန်းတိုက်စစ်မှူး ဘိုရီနီ သုံးလနားရမည်

ဆန်းဒါးလန်းတိုက်စစ်မှူး ဘိုရီနီမှာ ပေါင်ခြံဒဏ်ရာကြောင့် အနည်းဆုံး သုံးလခန့် အနားယူရတော့မည်ဖြစ်သည်။ အသက်(၂၅)နှစ်အရွယ် ဘိုရီနီမှာ ဆောက်သမ်တန်အသင်းနှင့် တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် အလွတ်တည်ကန်ဘော ကန်သွင်းချိန် ပေါင်ခြံအရွတ်ကြောစုတ်ပြဲခဲ့သဖြင့် ပွဲချိန်အတွင်းမှာပင် လူစားလဲခံခဲ့ရသည်။

ယင်းသို့ ဘိုရီနီ ဒဏ်ရာရရှိခဲ့ခြင်းအပြင် ဆန်းဒါးလန်း ဝါရင့်တိုက်စစ်မှူး ဒီဖိုးမှာ မကြာသေးခင်က အသင်းမှထွက်ခွာသွားခဲ့ခြင်း၊ တိုက်စစ်မှူး လန်းစ်ကိုလည်း ဗီနာဘာချီအသင်းသို့ အငှားချခဲ့ခြင်းတို့ကြောင့် ဆန်းဒါးလန်းနည်းပြ မိုယက်စ်အနေဖြင့် တိုက်စစ်ပိုင်း ရွေးချယ်မှုအခက်အခဲများ ရှိလာနိုင်ကြောင်း သိရသည်။ ဆန်းဒါးလန်းအသင်းသည် အပြောင်းအရွှေ့နောက်ဆုံးနေ့တွင် နော့ဝှစ်ချ်တိုက်စစ်မှူး နေးလ်စမစ်ကို ခေါ်ယူနိုင်ရန် နီးစပ်ခဲ့သေးသော်လည်း အပြီးသတ်အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာခြင်းမရှိခဲ့သဖြင့် တိုက်စစ်နေရာအတွက် အသက်(၂၂)နှစ်အရွယ် ဝက်ဒ်မောနှင့် မန်ယူမှ အငှားဖြင့် ခေါ်ယူထားသည့် ဂျာနူဇက်တို့ကိုသာ အသုံးပြုရမည်ဖြစ်သည်။

## ကလော-တောင်ကြီးဖိတ်ခေါ်တာဝေး စက်ဘီးစီးပြိုင်ပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ Myanmar C.P LIVESTOCK Co.,Ltd နှင့် ရှမ်းပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၉ ရက်တွင် ကလော-တောင်ကြီး ဖိတ်ခေါ်တာဝေး စက်ဘီးစီးပြိုင်ပွဲကျင်းပမည်ဖြစ်သဖြင့် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် စက်တင်ဘာ ၂၃ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၂၅၀၂၀၅၆၅၁ သို့ ဆက်သွယ်စာရင်းပေး စုံစမ်းနိုင်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**

စာမျက်နှာ ၁၅ မှ

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ ထုတ်ချေးငွေ | ကြွေးမြီ ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၂ | သမ္မတရုံး | ၎င်း | | | | | | | | | |
| ၃ | ပြည်ထဲရေး | ၎င်း | ၂၅၆,၃၅၁,၅၄၁ | ၂,၁၄၉,၁၈၇ | ၈၂,၄၅၁ | ၄၂,၃၆၅,၀၄၇ | | ၁၉,၀၁၇ | | | ၃၀၀,၉၆၇,၂၄၃ |
| ၄ | ကာကွယ်ရေး | ၎င်း | ၁,၆၃၇,၀၀၅,၇၃၉ | ၅,၅၄၆,၈၄၄ | | ၁,၂၄၈,၀၀၈,၄၉၉ | | ၁၀,၁၀၂,၄၄၂ | | | ၂,၉၀၀,၆၆၃,၅၄၄ |
| ၅ | နယ်စပ်ရေးရာ | ၎င်း | ၁၈,၈၃၂,၅၅၂ | ၁,၇၃၈ | ၁၃,၁၃၈,၀၂၈ | ၇၉,၀၃၆,၅၀၉ | | ၁၁၄,၉၃၆ | | | ၁၁၁,၁၂၃,၇၆၃ |
| ၆ | နိုင်ငံတော်အတိုင်ပင်ခံရုံး | ၎င်း | ၁,၈၉၂,၉၇၄ | | | ၁၈၂,၈၇၅ | | | | | ၂,၀၇၅,၈၄၉ |
| ၇ | ပြန်ကြားရေး | ၎င်း | ၃၄,၀၆၀,၇၆၃ | ၁၅,၄၇၅ | | ၄,၉၂၂,၀၅၂ | | | | | ၃၈,၉၉၈,၂၉၀ |
| ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၎င်း | ၁၇,၅၂၇,၂၄၈ | | ၄,၃၇၅,၃၆၇ | ၉,၇၄၈,၄၃၈ | | | | | ၃၁,၆၅၁,၀၅၃ |
| ၉ | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်း | ၎င်း | ၂၈၀,၉၄၁,၃၉၂ | ၂၉,၉၈၂,၇၈၈ | ၁၇၁,၂၇၁,၈၇၇ | ၆၀၉,၈၁၉,၆၀၂ | | ၄၀,၆၅၁,၃၂၀ | | | ၁,၁၃၃,၆၆၆,၉၉၀ |
| ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၎င်း | ၃၄,၁၂၇,၉၀၆ | ၂၆,၇၁၁,၉၅၁ | ၄၇၈,၂၁၅ | ၇၁,၁၇၀,၁၈၇ | | ၄,၅၀၄,၆၃၉ | | | ၁၃၆,၉၉၃,၀၉၈ |
| ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၁၈,၅၄၀,၂၂၆ | | ၄၉၉,၉၀၃ | ၈,၈၃၈,၇၂၈ | | | | | ၂၇,၈၇၈,၈၅၇ |
| ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၎င်း | ၃၀,၀၂၆,၂၄၁ | ၁၀,၄၂၉,၆၈၈ | | ၂၄၈,၂၂၂,၁၅၆ | | ၁၉,၀၅၆,၀၇၅ | | | ၃၀၇,၇၃၄,၁၆၀ |
| ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၃၁,၀၂၃,၆၅၀ | | ၆၇,၁၆၇ | ၃,၄၉၉,၉၉၃ | | | | | ၃၄,၅၉၀,၈၁၃ |
| ၁၄ | စက်မှု | ၎င်း | ၈,၆၉၀,၀၂၃ | | | ၇,၅၇၇,၈၅၀ | | | | | ၁၆,၂၆၇,၈၇၃ |
| ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁၃,၉၃၆,၈၁၈ | ၂,၈၈၀ | ၁၂၄,၈၉၁ | ၉၈၈,၂၅၂ | | | ၅၀,၀၀၀ | | ၁၅,၁၀၂,၈၄၁ |
| ၁၆ | ပညာရေး | ၎င်း | ၁,၃၁၁,၈၂၃,၂၈၈ | ၄၂၃,၈၅၀ | ၁၅,၁၈၇,၃၇၃ | ၃၀၃,၅၁၀,၃၈၁ | | | | | ၁,၆၃၀,၉၄၅,၈၇၃ |
| ၁၇ | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၅၁၃,၃၈၉,၈၆၈ | ၃၅၁,၆၄၆ | ၂၉,၀၇၃,၅၁၁ | ၃၀၇,၈၂၉,၆၇၁ | | | | | ၈၅၀,၆၄၄,၇၀၆ |
| ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | ၄၆,၁၄၇,၁၃၈ | ၈၈၀,၂၄၉,၇၉၁ | ၁၃၇,၄၅၆,၂၇၉ | ၅၅,၂၈၇,၆၀၆ | ၂,၆၉၈,၀၀၀ | ၅၈,၆၉၄,၅၃၅ | ၆,၈၅၂,၀၅၉ | | ၁,၁၈၇,၃၈၅,၄၀၈ |
| ၁၉ | ဆောက်လုပ်ရေး | ၎င်း | ၁၀၂,၁၃၀,၅၇၈ | ၂,၂၅၂,၁၂၈ | | ၃၈၇,၂၄၆,၀၁၃ | | ၁,၃၇၆,၇၁၆ | ၁၀,၀၀၀,၀၀၀ | | ၅၀၃,၀၀၅,၄၃၅ |
| ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၁၀,၇၄၉,၁၈၃ | | ၃,၂၃၆,၆၇၀ | ၃,၅၃၅,၀၁၉ | | | | | ၁၈,၅၂၀,၈၉၂ |
| ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၎င်း | ၃,၈၉၂,၄၃၆ | | ၄၂၁,၉၇၀ | ၁၃၆,၇၉၀ | | | | | ၄,၄၅၀,၇၉၆ |
| ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | ၁,၂၉၂,၆၀၀ | | | ၃၀၁,၉၈၀ | | | | | ၁,၅၉၄,၅၈၀ |
| ၂၃ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | ၆၂၆,၀၄၂,၅၀၀ | | | | | | | | ၆၂၆,၀၄၂,၅၀၀ |
| ၂၄ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၁၀၁,၃၄၃,၀၀၀ | | | | | | | | ၁၀၁,၃၄၃,၀၀၀ |
| ၂၅ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူသုံးစွဲခွင့်ရှိသော ဇယား(၁)၊ (၂)၊ (၃) နှင့်(၇)တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါ ပုဂ္ဂိုလ်ကတာဝန်ပေးသူ | ၁၀၀,၀၀၀,၀၀၀ | | | | | | | | ၁၀၀,၀၀၀,၀၀၀ |
| ၂၆ | ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၅၂,၂၉၀,၀၀၀ | | | | | | ၁၅၂,၂၉၀,၀၀၀ |
| ၂၇ | ကယားပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၅၀,၄၃၈,၀၀၀ | | | | | | ၅၀,၄၃၈,၀၀၀ |
| ၂၈ | ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၇၃,၈၉၉,၀၀၀ | | | | | | ၇၃,၈၉၉,၀၀၀ |
| ၂၉ | ချင်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၃၀,၇၃၉,၀၀၀ | | | | | | ၁၃၀,၇၃၉,၀၀၀ |
| ၃၀ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၇၅,၅၀၆,၀၀၀ | | | | | | ၁၇၅,၅၀၆,၀၀၀ |
| ၃၁ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၅,၃၉၁,၀၀၀ | | | | | | ၁၄၅,၃၉၁,၀၀၀ |
| ၃၂ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၂၆,၃၆၅,၀၀၀ | | | | | | ၁၂၆,၃၆၅,၀၀၀ |
| ၃၃ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၁,၅၂၅,၀၀၀ | | | | | | ၁၄၁,၅၂၅,၀၀၀ |
| ၃၄ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၀၇,၂၂၅,၀၀၀ | | | | | | ၁၀၇,၂၂၅,၀၀၀ |
| ၃၅ | မွန်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၇၀,၉၆၇,၀၀၀ | | | | | | ၇၀,၉၆၇,၀၀၀ |
| ၃၆ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၄၀,၄၀၈,၀၀၀ | | | | | | ၁၄၀,၄၀၈,၀၀၀ |
| ၃၇ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၄၀,၈၅၈,၀၀၀ | | | | | | ၄၀,၈၅၈,၀၀၀ |
| ၃၈ | ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၂၁၆,၄၀၈,၀၀၀ | | | | | | ၂၁၆,၄၀၈,၀၀၀ |
| ၃၉ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ပံ့ငွေ/ချေးငွေ | ၎င်း | | | ၁၁၆,၂၀၀,၀၀၀ | | | | | | ၁၁၆,၂၀၀,၀၀၀ |
| ၄၀ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေအတွက်တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ငွေ | ၎င်း | | | ၃၂,၂၀၀,၀၀၀ | | | | | | ၃၂,၂၀၀,၀၀၀ |
| | ပေါင်း | | ၅,၂၄၂,၀၇၉,၂၅၈ | ၉၅၈,၁၀၇,၉၆၇ | ၂,၀၉၉,၀၇၂,၆၉၂ | ၃,၇၉၉,၆၀၀,၅၇၀ | ၂,၆၉၈,၀၀၀ | ၁၇၄,၅၁၉,၆၈၀ | ၁၆,၉၀၂,၀၅၉ | | ၁၀,၈၅၂,၉၅၀,၁၈၈ |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနလက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၄၉,၁၉၈,၂၅၀ | | | | | | | | | ၄၉,၁၉၈,၂၅၀ |
| | ပေါင်း | | | | ၄၉,၁၉၈,၂၅၀ | | | | | | | | | ၄၉,၁၉၈,၂၅၀ |

စာမျက်နှာ ၁၇ သို့

# ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲ ဥပဒေများစာရင်း

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပေါင်း ၉၁၇ ခုအနက် ဝန်ကြီးဌာနအလိုက် ကျင့်သုံးဆဲဥပဒေ ၃၉၇ ခုအား ပြည်ထောင်စုလွှတ်တော်သို့ ဩဂုတ် ၁၇ ရက်တွင် တင်သွင်းခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ပြီးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ကျင့်သုံးဆဲ ဥပဒေ ၃၉၇ ခုအနက် ဝန်ကြီးဌာနအလိုက် တာဝန်ခံစီမံခန့်ခွဲရမည့် ဥပဒေများကို ဖော်ပြအပ်ပါသည်-

**၉-၈-၂၀၁၆ ရက်နေ့အထိ ဗဟိုရုံးများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက စီမံခန့်ခွဲလျက်ရှိသော ဥပဒေများ စာရင်းချုပ်**

| စဉ် | ဝန်ကြီးဌာနအမည် | စီမံခန့်ခွဲသည့် ဥပဒေပေါင်း |
|---|---|---|
| ၁ | ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ၁၂ |
| ၂ | ပြည်ထောင်စုလွှတ်တော်ရုံး | ၇ |
| ၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ၅၂ |
| ၄ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ၁ |
| ၅ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ၆ |
| ၆ | နိုင်ငံခြားရေးဝန်ကြီးဌာန | ၃ |
| ၇ | သမ္မတရုံးဝန်ကြီးဌာန | ၁၇ |
| ၈ | ပြည်ထဲရေးဝန်ကြီးဌာန | ၅၀ |
| ၉ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃ |
| ၁၀ | နယ်စပ်ရေးရာဝန်ကြီးဌာန | ၂ |
| ၁၁ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ၁ |
| ၁၂ | ပြန်ကြားရေးဝန်ကြီးဌာန | ၆ |
| ၁၃ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ၁၈ |
| ၁၄ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၂၄ |
| ၁၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂၇ |
| ၁၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန | ၈ |
| ၁၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ၆ |
| ၁၈ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ၂၅ |
| ၁၉ | စက်မှုဝန်ကြီးဌာန | ၄ |
| ၂၀ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | ၁၀ |
| ၂၁ | ပညာရေးဝန်ကြီးဌာန | ၁၆ |
| ၂၂ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၂၃ |
| ၂၃ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ၃၀ |
| ၂၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၉ |
| ၂၅ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ၄ |
| ၂၆ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ၁ |
| ၂၇ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ |
| ၂၈ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၄ |
| ၂၉ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ၃ |
| ၃၀ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၂ |
| ၃၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | ၁ |
| ၃၂ | နေပြည်တော်ကောင်စီ | ၁ |
| ၃၃ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၄ |
| ၃၄ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၅ |
| ၃၅ | အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ၁ |
| | စုစုပေါင်း | ၃၉၇ |

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက စီမံခန့်ခွဲသော ဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | The Public Servants Inquiries Act (India Act 37, 1850, Vol.I) | | |
| ၂။ | The Destruction of Records Act (India Act 5, Vol. I) | | |
| ၃။ | စုံစမ်းရေးကော်မတီများအက်ဥပဒေ (ဥပဒေအမှတ် ၄/၁၉၅၀ ပြည့်နှစ်၊ အတွဲ -၁) | | |
| ၄။ | နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေ (နဝတ ၉/၁၉၈၉) | | |
| ၅။ | ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေ (နယကဥပဒေအမှတ် ၁၅/၂၀၁၀) | | |
| ၆။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေ (နယကဥပဒေအမှတ် ၁၆/၂၀၁၀) | | |
| ၇။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေ (နယကဥပဒေအမှတ် ၁၇/၂၀၁၀) | | |
| ၈။ | ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင် အယောင်များဆိုင်ရာ ဥပဒေ (နယကဥပဒေအမှတ် ၂/၂၀၁၁) | | |
| ၉။ | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၃/၂၀၁၁) | | |
| ၁၀။ | ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များ ဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၄/၂၀၁၁) | | |
| ၁၁။ | နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် ဆောင်အယောင်များဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၅/၂၀၁၁) | | |
| ၁၂။ | စည်ပင်သာယာရေးဥပဒေ (၅/၁၉၈၄) | | |

**ပြည်ထောင်စုလွှတ်တော်ရုံးက စီမံခန့်ခွဲသော ဥပဒေများ**

| စဉ် | ဥပဒေအမည်၊ အမှတ်၊ ခုနှစ်၊ အတွဲအမှတ် | ဆက်စပ် ဆောင်ရွက်ရမည့် ဌာန/ အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|
| ၁။ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၁၁/၂၀၁၀) | | |
| ၂။ | နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်း ဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၁၉/၂၀၁၀) | | |
| ၃။ | ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေ (နယကဥပဒေအမှတ် ၆/၂၀၁၁) | | |
| ၄။ | ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၃/၂၀၁၂) | | |
| ၅။ | ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၄/၂၀၁၂) | | |
| ၆။ | ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၂၂/၂၀၁၃) | | |
| ၇။ | ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဖွံ့ဖြိုးရေးရန်ပုံငွေဥပဒေ (ပထစဥပဒေအမှတ် ၉/၂၀၁၄) | | |

ဆက်လက်ဖော်ပြပါမည်။

## သမဝါယမကဏ္ဍဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂**

သမဝါယမကဏ္ဍဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များရှင်းလင်းခြင်းအခမ်းအနားကို ဩဂုတ်လတတိယပတ်က ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုရုံးတွင် ကျင်းပရာ နေပြည်တော် သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်း၊ နေပြည်တော် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်၊ နေပြည်တော် သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်သည်။



သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက နိုင်ငံတော်၏ စီးပွားရေးမူဝါဒ ၁၂ ရပ်နှင့်အညီ သမဝါယမကဏ္ဍမှ လုပ်ငန်းစဉ် ၇ ရပ်ဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုလယ်ယာစနစ်ပြောင်းလဲဖော်ဆောင်ရေး အစီအစဉ်များကိုလည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် ဦးစီးဌာန၏ လုပ်ငန်းစဉ်များကို မွေးမြူရေးသမဝါယမအသင်းများ စုစည်း ဖွဲ့စည်းပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အသင်းစုချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

**မြင့်သန်း**

## ရထားရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂**

ရထားရဲတပ်ဖွဲ့အမှတ်(၁၄)တပ်ခွဲ(အင်းစိန်)မှ တပ်ဖွဲ့ဝင်နှင့် မိသားစုများနေထိုင်သော ဗဟိုလမ်း ကြို့ကုန်းအနောက် ကန်သာယာလိုင်း အဝင်လမ်းမကြီးအား RGP Co.,Ltd. မှ ဩဂုတ် ၂၉ ရက်က ကွန်ကရစ်လမ်းခင်း လှူဒါန်းခဲ့သည်။

အဆိုပါ လမ်းခင်းခြင်းအား ရထားရဲတပ်ဖွဲ့ အမှတ်(၁၄)တပ်ခွဲ(အင်းစိန်)မှ တပ်ခွဲမှူး ဒု-ရဲမှူးစိုးမိုးလွင် ဦးစီးတပ်ဖွဲ့ဝင် ၄၀၊ မြန်မာ့မီးရထား တိုင်း(၇) ရန်ကုန် အငယ်တန်းအင်ဂျင်နီယာဌာန(မြို့ပြ)မှ လုပ်ငန်းအုပ်ကြီးဦးတင်စိုး ဦးစီးသောငါးဦးအဖွဲ့ စုစုပေါင်း ၄၅ ဦးတို့သည် RGP Co.Ltd.မှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ အလျားပေ ၃၀၀၊ အကျယ် ငါးပေရှိ ကွန်ကရစ်လမ်းအား စုပေါင်းလမ်းခင်းခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ညဏ်လင်း(အင်းစိန်)**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

ကြေးမုံ



ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ပြောချင်တာတွေ ပြောလို့မရတဲ့အခါ

ဆူဒိုနင်

**ကဗျာတစ်ပုဒ်**

၂၀၀၉ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့က ကဗျာလေးတစ်ပုဒ်ပါ။ ခေါင်းစဉ်က "ကျပ်သူတို့ လျှောက်သောလမ်း"တဲ့။ ရေးသူက "တောကျောင်းဆရာ"တဲ့ခင်ဗျ။

တော်တော်ကောင်းတဲ့ စိတ်ကူးလေးကို တော်တော်လှတဲ့ သံတူကပ်အလင်္ကာများနဲ့ တန်ဆာဆင်ထားတာမို့ သဘောကျသွားရတယ်။ သူ့ကဗျာလေးကို အရင်ဖတ်ကြည့်စေချင်ပါတယ်။

ခပ်ကျပ်ကျပ်ခေတ်ထဲ ကျပ်တန်တွေ အသုံးမဝင်တော့
ဘဝက ခပ်ကြီးကြီး ကျပ်က ခပ်ကြီးကြီး
တစ်ရာဖိုး ကျပ်ရာက နှစ်ရာဖိုး ကျပ်တယ်
နှစ်ရာဖိုး ကျပ်ရာက ငါးရာဖိုး ကျပ်တယ်
ငါးရာဖိုး ကျပ်ရာက တစ်ထောင်ဖိုး ကျပ်တယ်
တစ်ထောင်ဖိုး ကျပ်ရာက ငါးထောင်ဖိုးကျပ်မယ်
ကျပ်တန် မရှိတော့တဲ့ ခေတ်ထဲ
ဘဝကလည်း ကျပ်ကလေး မဟုတ်တော့
ကျပ်ကလေးတို့ကမ္ဘာလည်း မဟုတ်တော့
ကျပ်ကြီးတို့ကမ္ဘာ
ငါးဆယ် ပြန်မအမ်းလည်း စိတ်ဆိုးမနေနဲ့
အမ်းစရာ မရှိလည်း ငမ်းစရာတော့ ရှိရမယ်
ငမ်းစရာ မရှိလည်း လွမ်းစရာတော့ ရှိရမယ်
လွမ်းစရာ မရှိလည်း နွမ်းတာတော့ ရှိတယ်
အနွမ်း အနွမ်း အနွမ်းတွေ များတော့ လွမ်းတယ်
ကျပ်တန်ဆီကိုလား ကြက်တန်းဆီကိုလား
တစ်ကျပ် နှစ်ကျပ် တေးကိုသီ
အကြွေ မရှိပေမယ့် အကြွေးတော့ ရှိတယ်
ကျပ်ခိုးစင်မှာ ကျပ်ကျပ်တည်းတည်း
ဘဝကို ကျပ်တိုက်နေသလား ကျပ်တင်နေသလား
ကျပ်မပြည့်တဲ့ကြားက ကျပ်စည်းလိုက်တယ်
ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးကျပ်
(ကျပ်တန် မရှိတော့တဲ့ ခေတ်ထဲ
ဘဝကလည်း ကျပ်ကလေး မဟုတ်တော့
ခပ်ကျပ်ကျပ်ခေတ်ထဲ ကျပ်တန်တွေ အသုံးမဝင်တော့
ဘဝက ခပ်ကြီးကြီး ကျပ်က ခပ်ကြီးကြီး)
နေ သည်လောက် ပူနေမှတော့
ငရဲပြည် ရောက်မလား စိတ်ပူမနေနဲ့တော့။

**ခေတ်ပေါ်ကဗျာနဲ့ ရိုးရာကဗျာကြားက အဟပ်**

ခေတ်ပေါ်ကဗျာကို သိပ်မခံစားတတ်တဲ့ ကျွန်တော်လိုလူတောင် ခံစားလို့ရတဲ့ ကဗျာလေးပါပဲ။ သူ့ကဗျာလေးက စိတ်ထဲမှာ စွဲနေတယ်။ ဒါပေမယ့် တစ်ယောက်ယောက်ကို ဝေမျှချင်ရင် ပြဿနာက တက်လာတယ်။

"အယက်အကန်ခံလို့ ဗေဒါပျံ့ အန်ကိုခဲ"(ဇော်ဂျီ)လိုမျိုး၊ "လယ်စောင့်တဲလေး ခြေတံရှည်၊ မိုးကုတ်အောက်မှာနေ"(မင်းသုဝဏ်)လိုမျိုး၊ "အပြင်ဘက်မှ သစ်ရွက်တွေကြား၊ စကားပင်အို ကန်ရေစိုစွတ်" (ကြည်အေး)လိုမျိုး၊ "ဆေးလိပ်လည်းတို၊ နေလည်းညိုပြီ" (တင်မိုး)လိုမျိုး၊ "တိမ်လိုနွဲ့အောင်နော့ အိမ်ဆိုတဲ့ထောင်မှာ"(မောင်ခိုင်မာ)လိုမျိုး၊ "သားအမိအိမ်၊ ပတ္တမြားမရှိ၊ စိန်မစီလည်း" (ကိုရိုး)လိုမျိုး၊ "ခင်သွားရင် ရန့်ပေး၊ ခင်မွေးရင် ပျော်ရွှင်လို့" (မောင်စိန်ဝင်း) လိုမျိုး စွဲသွားတဲ့ကဗျာလေးတစ်ပုဒ်ကို ချစ်သူခင်သူများကို ဝေမျှချင်တဲ့အခါ တစ်ပုဒ်လုံးကို ခံစားချက်အပြည့်နဲ့ နှုတ်တက်ရွရွပြန်ဆိုပြလို့ မရနိုင်တော့ အားမလိုအားမရ ဖြစ်မိတယ်။ အဲဒီကဗျာလေးတွေကျတော့ စိတ်ထဲမှာတင်မကဘဲ ရင်ထဲ အသည်းထဲ နှလုံးထဲမှာတောင် စွဲနေပါတယ်။

အဲဒါဟာ ခေတ်ပေါ်ကဗျာနဲ့ ရိုးရာကဗျာကြားက ကွာနေတဲ့ "အဟပ်"လို့ ယူဆပါတယ်။ ခေတ်ပေါ်ကဗျာက ကောင်းလိုက်တာဆိုပြီး တွေးပုံ ရေးပုံလေးကို ရင်သပ်ရှုမောလိုက်ရတယ်။ အဲဒီနေရာမှာတင် ရပ်သွားတယ်။ နောက်တစ်ခါ ပြန်ခံစားချင်ရင် စာအုပ်ပြန်လှန်ရတယ်။ မနည်းပြန်ရှာရတယ်။ ပြန်ဖတ်ရတယ်။

ရိုးရာကဗျာကျတော့ အဲလိုမဟုတ်ဘူး။ ကောင်းလိုက်တာဆိုပြီး တွေးပုံရေးပုံလေးကိုလည်း ခံစားတယ်၊ ချိုနေတဲ့ အသံလေးတွေကိုလည်း ဖတ်သူရဲ့ စိတ်ထဲက လိုက်ရွတ်နေမိတယ်။ ကဗျာကောင်းရင် ကောင်းသလောက်၊ တိုရင်တိုသလောက် ပါးစပ်ထဲ နားထဲမှာ စွဲကျန်ရစ်တယ်။ စိတ်ရော၊ ပါးစပ်ရော၊ နားရော စွဲကျန်ရစ်တဲ့အတွက် ရိုးရာကဗျာလေးတွေဟာ ခေတ်တွေကို ကျော်လွှားရှင်သန်နေခဲ့တာပါ။ "မြိတ်သွင်လွတ်စို့ ပြာသွယ်ညို့"လို "ဆေးတံတိုတစ်ညိုလောက် ရော့ သောက်တော့ပေး"လို ရှေးကဗျာတွေတောင် ခေတ်ကို ကျော်လွှားပြီး မြန်မာတို့ရဲ့ အသည်းနှလုံးထဲမှာ ရှိနေနိုင်စွမ်းတာဟာ မြန်မာဘာသာစကားရဲ့ အလှအပ၊ ထူးခြားမှုအပေါ် အခြေခံထားလို့ပဲလို့ ကောက်ချက်ဆွဲမိပါတယ်။

**ဗမာစကားရဲ့သဘာဝ**

တခြား ဘာသာစကားတွေတော့ မတတ်လို့ သိပ်မသိဘူး။ အင်္ဂလိပ်စာ၊ ပြင်သစ်စာလို ဥရောပ ဘာသာစကားတွေမှာက ဝေါဟာရတစ်လုံးကို အသံစုံထွက်လို့ရတယ်။ Go ကို ဂိုလို့ ထွက်လို့ရသလို ဂိုးလို့ ထွက်လို့ရတဲ့အပြင် ဂို့လို့ ထွက်မယ်ဆိုလည်း ဖြစ်နိုင်ပါတယ်။ မြန်မာဘာသာစကားကကျတော့ အဲသလို မဟုတ်တော့ဘူး။ မြ၊ မြာ၊ များဆိုတဲ့ သုံးလုံးမှာတင် အနက်က သုံးမျိုးဖြစ်နေတတ်မြဲ။ တစ်လုံး တစ်သံဘာသာစကားပါ။ အဲတော့ နဘေဆိုတာ မြန်မာဘာသာစကားမှာမှ ထပ်လို့ရတယ်။ ကာရန်ဆိုတာလည်း မြန်မာဘာသာစကားကမှ အုပ်လို့ ရတယ်။

အင်္ဂလိပ်ကဗျာတော့ များများစားစား သိပ်မဖတ်ဖူးလို့ သိပ်စွဲနေတာမရှိပါဘူး။ Men may come and men may go; but I go on forever လို ကဗျာထဲက တစ်ကြောင်းတစ်ပါဒလောက်ကိုသာ စွဲစွဲမြဲမြဲ ရွတ်နိုင်တာလေးတွေ ရှိပါတယ်။ ကိုယ့်မိခင်ဘာသာစကား မဟုတ်တာလည်းတစ်ကြောင်း ဖြစ်ချင်ဖြစ်မှာပါ။ တစ်ပုဒ်လုံး အလွတ်ရွတ်နိုင်တဲ့ ကဗျာက ခပ်ရှားရှားရယ်။ ကျွန်တော်တို့ရဲ့ရှေ့ မျိုးဆက်လို ကဗျာတွေကျက်ရတဲ့ခေတ်မှာ လူဖြစ်ခဲ့ရင်တော့လည်း တစ်မျိုးဖြစ်ချင် ဖြစ်နိုင်ပါတယ်။

**ပြောချင်တာကဗျာ-**

ခေတ်ပေါ်ကဗျာကို ကျွန်တော် သိပ်မခံစားတတ်သော်လည်း အသစ်ကို ငြင်းပယ်သူထဲမှာ ကျွန်တော် မပါပါဘူး။ အသစ်ကို အငမ်းမရ တောင့်တသူထဲမှာတော့ ထိပ်ဆုံးက မဟုတ်ဘူးဆိုရင်တောင် ရှေ့တန်းက ပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မြင်မိပါတယ်။ သို့ပေမယ့် သစ်တာလေးတွေကို "ခေတ်အဆက်ဆက် ရှင်သန် တင်ကျန်ရစ်စေချင်"တာက ကျွန်တော့် ဆန္ဒပါ။ ခေတ်ပေါ်ကဗျာထဲမှာ လမ်းရိုးဟောင်းတွင် ဆင့်ကာထွင်ထားတဲ့ ဆရာမကြီး ကြည်အေးရဲ့ ကဗျာတွေ နောက်ပိုင်းမှာ ကျွန်တော်တို့ နှုတ်မှာ၊ နားမှာ စွဲကျန်ရစ်တဲ့ကဗျာဆိုလို့ ကျွန်တော့်အတွက်တော့ မှူးလို့တောင် ရှုစရာ ရှာမတွေ့သလိုပဲ။

အဲဒီအရှိန်အဟုန်ပြင်းနေတဲ့ ခေတ်ပေါ်ကဗျာ ဝဲဩဃထဲမှာပဲ လွန်ခဲ့တဲ့ နှစ် ၂၀ကျော်က ထွက်သွားတဲ့ မောင်စိန်ဝင်း (ပုတီးကုန်း)ရဲ့ "သောကခြေရာရတနာ" ကဗျာများ စာအုပ်ဟာ ကဗျာစာအုပ်ထဲမှာ ရောင်းအကောင်းဆုံးစာအုပ်တန်းဝင်ခဲ့ဖူးတာလေးကိုလည်း မှတ်မိနေပါသေးတယ်။ ကဗျာစာအုပ်ဟာ ရောင်းအကောင်းဆုံးဖြစ်ဖို့ နေနေသာသာ ရောင်းကောင်းတဲ့ စာရင်းထဲမှာတောင် ဘယ်တုန်းကမှ မပါခဲ့ဖူးပါဘူး။ ဆရာ မောင်စိန်ဝင်းရဲ့ စာအုပ်ကျတော့မှ ရောင်းအကောင်းဆုံးဖြစ်ခဲ့ဖူးတာပါ။ လှိုင်ပေါ်လယ်နေတဲ့ ခေတ်ပေါ်ကဗျာတွေကြားမှာ သူ့စာအုပ်ကျမှ ဘာဖြစ်လို့ ပေါက်သွားတာလဲ။

